# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၁၁)ရက် ၊ စနေနေ့ ၊ (8-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၄)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကသရဖူရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်းထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်းထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လောကသရဖူဘုရားကြီးသို့ ရောက်ရှိကြပြီး အုတ်ပြာသာဒ်တော်အတွင်းရှိ လောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီးအတွင်း အပြင်နှင့် လောကသရဖူရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက် ကပ်လျက်တွင် တည်ထားပူဇော်သည့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်

### အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားမြင့်မားရေး စိုက်ပျိုးမွေးမြူရေးကိုအားပေး

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်သောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၎င်းတို့အနက် ၄၅ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် လယ်ယာ သားငါး၊ သစ်တောနှင့် နီးနွယ်သည့်အလုပ်များလုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် ဒေသနှင့်နိုင်ငံ၏အကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေသောကြောင့် ၎င်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့်နိုင်ငံဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းကို ကျော်လွှားနိုင်ရန် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ သီးထပ်စွမ်းအားနှစ်ဆမှ သုံးဆအထိရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှသာ အထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေဩဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်း၊ မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ အခြားလိုအပ်သောသွင်းအားစုများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"နှင့် "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ဟူသည့် စီးပွားရေးဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စနစ်တကျလုပ်ကိုင်၍ ထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် ပိုမိုတင်ပို့သွားမည်ဆိုပါက ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့်နိုင်ငံ၏အကျိုးကို များစွာအထောက်အကူဖြစ်စေသည်။ နိုင်ငံတော်က နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကဏ္ဍများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလည်းပါဝင်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း အဆိုပါလုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
သွေးစည်းညီညီ တွဲလက်ညီမှ
တို့ပြည်ထောင်စု ခိုင်မြဲမည်

တစ်လေ့တည်းစီး တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား
ပြည်ထောင်စုရဲ့ နှလုံးသား





# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ရွေးကောက်ပွဲကျင်းပရာတွင် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများ ဖောင်းပွမှုမရှိစေရေးအတွက် တာဝန်ရှိသူများပူးပေါင်း၍ မြေပြင်စာရင်းတိုက်ဆိုင်စိစစ်ရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံ မှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ရွှေဘို ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၃၅၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၆ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မတ်ပဲ ၃၂၂၆ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၃၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ် နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောင်းမြမြို့နယ် ပေါက်တိန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်မှု စစ်ဆေး

**မြောင်းမြ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံသွတ်ကျေးရွာအုပ်စု ပေါက်တိန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မိမိထွေး၊ ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေး၊ မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် ဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါက်တိန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းစိုးက လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်း တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ် ပေါက်တိန်းကျေးရွာ၌ အရှည်ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၃ ဒသမ ၅ ပေရှိ ကျေးလက် ကုန်ထုတ်တံတား တည်ဆောက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁၈ ဒသမ ၈၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၉၀၊ ၃၂-၃၃ လမ်းကြားနေ ဒေါ်မြမြအေး၊ ဒေါ်မြမြထွေးတို့က ဦးအောင်တင်-ဒေါ်ခင်မြိုင်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၇၅၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၇၅၀၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၃၅၀ နှင့် ဒီပဲယင်းမြို့နယ်တွင် ၇၁၅၅ ဧက စုစုပေါင်း ၇၅၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ နွေနှမ်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်နဲ့စိုက်ပျိုးဖို့အတွက် ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် နွေနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)

# စစ်ကိုင်းမြို့နယ်တွင် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပယ်ငါးဆယ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပယ်ငါးဆယ်ကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

# ပွင့်ဖြူမြို့နယ်တွင် ပဲလွမ်းဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပဲလွမ်းဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲလွမ်းဧက ၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲလွမ်း ၃၂၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲလွမ်းဧက ၂၀၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတွေတိုးတက်စေဖို့၊ အရည်အသွေးပြည့်ဝတဲ့ သီးနှံတွေထွက်ရှိစေဖို့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးစေဖို့ ၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မရှိစေဖို့နဲ့ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာသုံးစွဲတတ်စေဖို့ တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ကျောက်ဖရုံသီးဆေးစွမ်းအံ့မခန်း အပိုင်း(၂)

ဒေါက်တာလပြည့်ခင်



အင်္ဂလိပ်လို Marrow ၊ White Pumpkin ၊ Winter Melon ၊ Zucchinis ၊ Ash Gourd ဟု အမျိုးမျိုး ခေါ်ဝေါ်ကြသော ကျောက်ဖရုံသီးပင်သည် တစ်နှစ်ခံ နွယ်ပင် ဘူးသီးမျိုးရင်းဖြစ်ပြီး အသီးပုံစံမှာ ဖရဲသီးနှင့် ဆင်တူသည်။ ကျောက်ဖရုံသီး၏ အတွင်းသားမှာ ဆွတ်ဆွတ်ဖြူနေသောကြောင့် တရုတ်လူမျိုးများက အဖြူသီးဟု ခေါ်ကြသည်။ ကျောက်ဖရုံသီးပုံသဏ္ဍာန်သည် ရှည်ရှည်မျောမျောဖြစ်ပြီး ခါးလယ်၌ အနည်းငယ်သိမ်သည်။ ကျောက်ဖရုံသီးတွင် အမျှင်ဓာတ်လွန်စွာကြွယ်ဝပြီး ကယ်လိုရီနည်း၍ အမျှင်ဓာတ်နှင့် ရေဓာတ်များသောကြောင့် အစာချေဖျက်မှုအားကောင်းစေသည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ကိုယ်အလေးချိန်ကို ထိန်းသိမ်းပေးသည့် ကျောက်ကပ်အတွက် အထူးကောင်းမွန်သော ဆေးဖက်ဝင်သည့် အပွင့်စာ၊ အသက်စာ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။

**ကျောက်ဖရုံသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ကျောက်ဖရုံသီးတွင် ရေဓာတ် ၉၆ ရာခိုင်နှုန်း၊ ကယ်လိုရီ၊ အဆီ၊ ပရိုတင်း၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်အများအပြားနှင့် အာဟာရဓာတ်အမျိုးမျိုး ပါဝင်သည်။ ကျောက်ဖရုံသီးသည် အာဟာရဓာတ်ပြည့်ဝပြီး ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ သံဓာတ်၊ ကော့ပါးဓာတ်၊ မီးစုန်းဓာတ်နှင့် ခန္ဓာကိုယ်အတွက်လိုအပ်သော သတ္တုဓာတ်များ ပြည့်စုံကြွယ်ဝစွာပါဝင်နေသည်။ ထို့ပြင် ကျောက်ဖရုံသီးထဲတွင် ဆယ်လူလို့စ်ဓာတ်ပါသောကြောင့် သွေးကြောမာခြင်းကို ကာကွယ်ပေးခြင်း၊ သွေးတွင်းအဆီများကို လျှော့ချပေးနိုင်ခြင်းနှင့် ကင်ဆာရောဂါကို ခုခံပေးနိုင်ခြင်း စသည်ဖြင့်ဆေးစွမ်းများစွာထက်မြက်သော ကျောက်ဖရုံသီးဖြစ်သည်။

**ကျောက်ဖရုံပင်၏ ဆေးဖက်ဝင်ပုံအမျိုးမျိုး**

ကျောက်ဖရုံပင်တစ်ပင်တွင်ပါဝင်သော ကျောက်ဖရုံပွင့်၊ ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ကျောက်ဖရုံစေ့၊ ကျောက်ဖရုံမြစ် အားလုံးဆေးဖက်ဝင်ကြောင်း သိရသည်။ တိုင်းရင်းဆေးကျမ်းများ၏အဆိုအရ ကျောက်ဖရုံအပွင့်ကိုစားပေးလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါသက်သာစေနိုင်သည်။ ကျောက်ဖရုံသီးကို စားခြင်းဖြင့် အားရှိစေသည်။ အဆုတ်ရောဂါနှင့် သင့်သည်။ သွေးအန်၊ သွေးကျရောဂါ သက်သာစေသည်။ အသီးကို နေ့စဉ်စားသုံးလျှင် ဆီးနှင့်ကျောက်ကပ်ရောဂါများအတွက် အကျိုးပြုသည်။ ဆီးအိမ်ကို သန့်စင်စေသည်။ အသီး၏အရည်ကို နေ့စဉ်သောက်သုံးပေးလျှင် သို့မဟုတ် ဖျော်ရည်ပြုလုပ်၍သောက်လျှင် ကျောက်ကပ်မှ ကျောက်ကျစေသည်။ အသီးထဲတွင် ရှိန်းခိုနှင့်ဂျုံပြဆား အနည်းငယ်ထည့်၍ အရည်ကိုစစ်သောက်လျှင် ကျောက်များကွဲ၍ ကျစေနိုင်သည်။ ကျောက်ဖရုံသီးကို အရည်ဖျော်၍ လေနာ၊ ဝက်ရူးနာရောဂါများအတွက်လည်း သုံးသည်။ ကျောက်ဖရုံစေ့ကို ကလေးသန်ချဆေးအဖြစ် သုံးသည်။ ကျောက်ဖရုံပင်အမြစ်ကို အခြောက်ခံ၍ အမှုန့်ပြုလုပ်သောက်သုံးလျှင် ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက်ကင်းစေသည်။ ကျောက်ဖရုံယိုသည် အစာအိမ်၊ ဆီးအိမ်ပူသောရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ အစာကိုလည်း ကြေစေနိုင်သည်။

**ကိုယ်အလေးချိန်လျှော့ကျစေခြင်း**

ကျောက်ဖရုံသီးသည် ကယ်လိုရီနည်းပြီး အမျှင်ဓာတ်နှင့် ရေဓာတ် ၉၆ ရာခိုင်နှုန်း ပါဝင်သောကြောင့် ရေဓာတ်များသဖြင့် အစာချေဖျက်မှုအားကောင်းစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်ခန္ဓာအလေးချိန်ကိုထိန်းသိမ်းနိုင်စေသည်။ သုတေသနပြုလုပ်ချက်များအရ ကယ်လိုရီနည်းပြီး ရေဓာတ်သိပ်သည်းသည့် အစားအစာများသည် ကိုယ်အလေးချိန်လျှော့ချရာတွင်အထောက်အကူပြုသကဲ့သို့ ကျောက်ဖရုံသီးတွင် ကြွယ်ဝစွာပါဝင်နေသော အမျှင်ဓာတ်များသည် အူလမ်းကြောင်းထဲ၌ ဂျယ်လီသဖွယ်ရှိနေပြီး ဗိုက်ပြည့်သည့်ခံစားချက်ကိုဖြစ်ပေါ်စေသည်။ ထို့ပြင် ကာဘိုဟိုက်ဒရိတ်နည်းသည့်အတွက် ကာဘိုဟိုက်ဒရိတ် လျှော့ချပြီး စားသောက်နေရသူများအတွက် သင့်လျော်သည့်အစာတစ်ခုဖြစ်သည်။ ကိုယ်အလေးချိန်လျှော့ချရန် စဉ်းစားနေသူများအတွက် ကယ်လိုရီများသည့်အစားအစာများနေရာတွင် အစားထိုးနိုင်ရန် အတွက် အသင့်လျော်ဆုံးမှာ အာဟာရဓာတ်အပြည့်အဝပါရှိပြီး ရေဓာတ် ၉၆ ရာခိုင်နှုန်းပါဝင်သည့် ကျောက်ဖရုံသီးဖျော်ရည် သို့မဟုတ် ကျောက်ဖရုံသီးပြုတ်ကြော်ဖြစ်သည်။ ကျောက်ဖရုံသီးက အစာအိမ်နှင့် အူတွင်းအမြှေးပါး၌ အနာဖြစ်ပေါ်ခြင်းကို ကုသရာတွင် အထောက်အကူပေးသည်။ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းတွင်ရှိသည့် အန္တရာယ်ရှိ ဗက်တီးရီးယားအားလုံးကို ဖယ်ရှားရှင်းလင်းပေးနိုင်သောကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းတွင် ရောဂါပိုးဝင်ခြင်းနှင့် အစာမကြေခြင်းများကို ကာကွယ်ပြီးသားဖြစ်စေသည်။

**အလှအပအတွက် အသုံးဝင်ခြင်း**

ကျောက်ဖရုံသီးသည် အလှအပအတွက်လည်း အသုံးဝင်သည်။ ကျောက်ဖရုံသီးကြိတ်ရည်ကို သံပရာရည်နှင့်ရော၍ အရေပြားပေါ်တွင် လိမ်း၍ဖြစ်စေ၊ အခြားမျက်နှာပေါင်းတင်ဆေးနှင့်ရောစပ်အသုံးပြု၍ဖြစ်စေ မျက်နှာမှအမည်းစက်များလျော့ပါးလာပြီး အသားအရေဝင်းလက်လာစေသည်။ ကျောက်ဖရုံသီးသည် ဗောက်ပျောက်စေသည့်အစွမ်းလည်းရှိသည်။ ကျောက်ဖရုံသီးကြိတ်ရည်ကို ဦးရေပြားဆံပင်ပေါ်လိမ်း၍ ခေါင်းလျှော်ချပါက ဗောက်ပျောက်စေသည်။ ဆံပင်ကို အုန်းဆီလိမ်းတတ်သောသူများအနေဖြင့် ကျောက်ဖရုံသီးအစေ့ကိုထောင်းပြီး အုန်းဆီနှင့်ရောလိမ်းပါက ဆံသားများသန်စွမ်းနက်မှောင်တောက်ပြောင်လာစေသည်။

**သွေးတိတ်စေခြင်း**

ကျောက်ဖရုံသီးတွင် သွေးတိတ်စေသောသဘာဝအာနိသင်လည်းရှိသည်။ ပြင်ပဒဏ်ရာများအတွက် ကုသရန်အသုံးမပြုသော်လည်း (အရွက်များထုထောင်းကြိတ်ပြီး အနာကို ပွတ်အုံပေးခြင်းမျိုးမှလွဲ၍) ကျောက်ဖရုံသီးက အတွင်းပိုင်းသွေးယိုခြင်းအတွက် အစွမ်းထက်သည်။ ပုံမှန်စားပေးပါက နှေရာသီတွင်ဖြစ်တတ်သည့် နှာခေါင်းသွေးယိုခြင်းကိုလည်း ကာကွယ်နိုင်သည်။ ကျောက်ကပ်တွင် သွေးယိုစိမ့်မှုကြောင့် ဆီးထဲတွင်သွေးပါခြင်း၊ အနာများကြောင့်၊ လိပ်ခေါင်းကြောင့် သွေးယိုခြင်းစသည်တို့ဖြစ်ပွားလာပါက ကျောက်ဖရုံသီးဖျော်ရည်သောက်ခြင်းဖြင့် သက်သာစေနိုင်သည်။ ကျောက်ဖရုံသီးက သွေးနီဥဆဲလ်အရေအတွက်နည်းသည့်အခါ ဖြစ်လာသည့် သွေးအားနည်းရောဂါအတွက် ဆေးဝါးဓာတ်စာတစ်ခုလည်းဖြစ်သည်။ သွေးတွင်းကိုလက်စထရောကိုလည်းကျစေသဖြင့် နှလုံးကျန်းမာရေးအတွက်လည်း ကောင်းမွန်သည်။

**ကျောက်ကပ်ရောဂါကို သက်သာစေခြင်း**

ကျောက်ကပ်ရောဂါ ဝေဒနာသည်များအတွက် ကျောက်ဖရုံသီးအသားကိုခြစ်ယူပြီး ကြိတ်စက်နှင့်ကြိတ်၍အရည်စစ်ယူကာ ရရှိသောကော်ဖီတစ်ခွက်စာအရည်တွင် ချင်းအရည် ဟင်းစားဇွန်းတစ်ဇွန်းနှင့် သကြားကိုအနည်းငယ်နီအောင်လှော်၍ တစ်ဇွန်းထည့်ပြီး နံနက်၊ ည တစ်နေ့နှစ်ခွက်သောက်လျှင် ဝေဒနာများသက်သာပျောက်ကင်းနိုင်သည်။ ကျောက်ဖရုံသီး၏ အစွမ်းထက်သောဆေးဖက်ဝင်ပုံများကို လေ့လာကြည့်ရာ ကျောက်ဖရုံသီးဟင်း ပုံမှန်ချက်စားခြင်းဖြင့် ကျောက်ကပ်ဆိုင်ရာဝေဒနာများ အလွန်သက်သာစေနိုင်ကြောင်း သိရသည်။ ကျောက်ဖရုံသီးကို မိမိနှစ်သက်ရာ အသား၊ ငါးတို့နှင့်ရော၍လည်း ချက်ပြုတ်စားသုံးနိုင်သည်။

**❖ကျောက်ဖရုံပင်တစ်ပင်တွင်ပါဝင်သော ကျောက်ဖရုံပွင့်၊ ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ကျောက်ဖရုံစေ့၊ ကျောက်ဖရုံမြစ် အားလုံးဆေးဖက်ဝင်ကြောင်း သိရသည်။ တိုင်းရင်းဆေးကျမ်းများ၏ အဆိုအရ ကျောက်ဖရုံအပွင့်ကိုစားပေးလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါသက်သာစေနိုင်သည်။ ကျောက်ဖရုံသီးကိုစားခြင်းဖြင့် အားရှိစေသည်။ အဆုတ်ရောဂါနှင့်သင့်သည်။ သွေးအန်၊ သွေးကျရောဂါ သက်သာစေသည်။ အသီးကို နေ့စဉ်စားသုံးလျှင် ဆီးနှင့် ကျောက်ကပ်ရောဂါများအတွက် အကျိုးပြုသည်။ ❖**

ကျောက်ဖရုံသီးကို နေ့စဉ် သင့်တင့်မျှတစွာစားသုံးခြင်းဖြင့် ကုသရန်ခက်ခဲသည့် ကျောက်ကပ်ဖောရောဂါကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်။ ကျောက်ဖရုံသီးနှင့်သကြားအရည်ကို တစ်နေ့လျှင် တစ်ပုလင်းစာ နှစ်ကြိမ်၊ သုံးကြိမ်ခွဲ၍ သောက်သုံးပေးခြင်းဖြင့် ဆီးများစွာသွားပြီး အရောင်များကျသွားသည်ကိုတွေ့ရသည်။ ထိုဆေးသည် ကျောက်ကပ်ကို သန့်စင်စေပြီး ကျောက်ကပ်ကိုအလုပ်ပြန်လုပ်စေသည့်ဆေးမျိုးဖြစ်သည်။ သို့ရာတွင် သကြားထည့်ရသောဆေးမျိုးဖြစ်သဖြင့် ဆီးချိုရောဂါရှိသူများ သောက်သုံးရန်အဆင်မပြေနိုင်ကြောင်း လေ့လာသိရှိရသည်။

**ကျောက်ဖရုံသီးအသုံးပြုပုံအမျိုးမျိုး**

ကျောက်ဖရုံသီးကို ရှေးလူကြီးများက အသက်ကြီးလာလျှင် ဆီးပြဿနာရှိလာသဖြင့် ကျောက်ဖရုံသီးဟင်းချိုကို ပုစွန်ခြောက်၊ ငါးကျည်းခြောက်တို့ဖြင့်ရောချက်ပြီး ဓာတ်စာအဖြစ် စားလေ့ရှိကြသည်။ ကျောက်ဖရုံသီးသည် အမှန်တကယ်ပင် ကျန်းမာရေးအတွက် တန်ဖိုးရှိသောအစာဖြစ်သည်။ အထူးသဖြင့် ဆီးနှင့်ကျောက်ကပ်အတွက် အလွန်ကောင်းသည်။ ရှေးဆေးကျမ်းများစွာတွင် ကျောက်ဖရုံသီး၏ အထူးဆေးစွမ်းမှာ ဆီးအိမ်ကို သန့်ရှင်းစေသည်ဟု ဖော်ပြကြသည်။ ရှင်နာဂသိန်၏ အခြေပြုဆေးအဘိဓာန်တွင် ကျောက်ဖရုံသီးသည် အားတိုး၊ သုက်ပွားစေ၏။ ကြေခဲ၏။ မှည့်သောအသီးသည် ဝမ်းမီးတောက်စေ၏။ ကြေလွယ်၏။ ဆီးအိမ်ကို သုတ်သင်တတ်၏။ သည်းခြေ၊ ဒေါသကို နိုင်၏။ ထို့ပြင် အရူး၊ သွေးလေဖောက်ပြန်သောရောဂါတို့ကိုလည်း နိုင်၏။ ထို့ပြင် နှလုံးငြိမ်စေသောအစာဖြစ်ကြောင်း ကျမ်းစာများတွင်ဖော်ပြသည်ကို လေ့လာတွေ့ရှိရသည်။ ရသဓာတုဆေးကျမ်းတွင် ကျမ်းလာမဖောက်၊ သိလျှင်မြောက်စုံ၊ ကျောက်ဖရုံမူ၊ မတူအရေး၊ သွေးနှင့်ယှတ္တံ၊ သင့်ပြန်ခြင်းရာ၊ အားကိုသာလျှင်၊ ပဝတ္တတိ၊ ဖြစ်လေဘိသုံး၊ နှလုံးငြိမ်စေ၊ ဆောင်ရွက်ပေးသည်၊ ညာကြေအံ့၍ မခန်းတည်းဟု ဖော်ပြကြသည်။

အချုပ်အားဖြင့် ကျောက်ဖရုံသီး၏ အကောင်းဆုံးဝိသေသဖြစ်သည့် အမျှင်ဓာတ်နှင့် ရေဓာတ်ပါဝင်မှုကြောင့် အစာချေဖျက်မှုကို များစွာအထောက်အကူပြုပြီး ဝမ်းချုပ်ခြင်း၊ စိတ်ဖိစီးခြင်း၊ အလုပ်ပင်ပန်းခြင်း၊ စိတ်ကျဉ်းကျပ်ခြင်းကဲ့သို့ အကြောင်းရင်းများကြောင့် ညအိပ်မပျော်သောသူများအနေဖြင့် နေ့စဉ်စားသောက်သောအစားအစာများတွင် ကျောက်ဖရုံသီးကို ထည့်သွင်းစားသုံးပေးပါက ဝေဒနာကို သက်သာလျော့ပါးစေနိုင်ခြင်း၊ ခန္ဓာကိုယ်တွင် ရေဓာတ်ထိန်းညှိပေးပြီးဆီးရှင်စေသဖြင့် ဆီးကျောက်တည်ခြင်းကို ကာကွယ်ပေးခြင်း၊ ကျောက်ကပ်ဖောခြင်းကိုသက်သာစေခြင်း၊ သွေးနီဥဆဲလ်အရေအတွက်နည်းသည့် သွေးအားနည်းရောဂါအတွက် ဆေးဝါးဓာတ်စာတစ်ခုဖြစ်ခြင်း၊ သွေးတွင်း ကိုလက်စထရောကိုကျစေသဖြင့် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေနိုင်ခြင်း၊ ခန္ဓာကိုယ်အပူကိုငြိမ်းစေပြီး အဆိပ်အတောက်ကိုပြေစေခြင်းနှင့် ကျောက်ကပ်ဝေဒနာရှင်များအတွက် အထူးသင့်လျော်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် ကျောက်ဖရုံသီး၏ ဆေးအစွမ်းအံ့မခန်းဖွယ်ရာများကိုအသုံးချနိုင်ရန် ကျောက်ဖရုံသီးကို ဟင်းချို သို့မဟုတ် အသား၊ ငါးတို့ဖြင့်ရော၍ ချက်ပြုတ်စားခြင်းနှင့် ကျောက်ဖရုံယိုအချိုပွဲအဖြစ် စားသုံးခြင်းတို့ပြုလုပ်၍ အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာစားသုံးသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၃၉၈၁ ဧကထိ စိုက်ပျိုးပြီးစီး



**ပုသိမ် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၃၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ လျာထား ၁၂၈၂၂ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ၁၃၉၈၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ သာပေါင်းမြို့နယ်အတွင်း ဗိုလ်ကိတ်ပဲ ဧက ၁၂၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဗိုလ်ကိတ်ပဲ ဧက ၁၃၉၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိ ဗိုလ်ကိတ်ပဲတွေ လျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးနေပါတယ်။ ဆောင်းသီးနှံဗိုလ်ကိတ်ပဲတွေ အထွက်နှုန်းကောင်းစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးထားပြီး နည်းပညာနဲ့ သွင်းအားစုတွေကိုလဲ ပံ့ပိုးပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ဗိုလ်ကိတ်ပဲ သီးနှံများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဇမ္ဗူသီရိမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးရွာနှစ်ရွာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးလက် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတေဇာနေမျိုးဝင်း၊ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာနှစ်ရွာမှ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အလျှင်လိုကျေးရွာနှင့် ဂုဏ်မင်းအင်းကျေးရွာတို့၌ ကုန်ထုတ်လမ်းရိုစာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းများကို ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် ကျေးရွာတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၀၇၁ သန်းဖြင့် အလျှင်လိုကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၇၁၂ ဖာလုံ၊ အကျယ် ၁၁ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ရိုစာခင်းခြင်းလုပ်ငန်းနှင့် ဂုဏ်မင်းအင်းကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၄၅၅ သန်းဖြင့် လမ်းအရှည် ၂ ဒသမ ၉၀၉ ဖာလုံ၊ အကျယ် ၁၁ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းရိုစာခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၄ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ပညာပြည့်ဝ နှလုံးလှ

– ဖြူစင်စွာ နှလုံးသားနဲ့
အပြုံးများဖြန့်ဝေ၊
လူတိုင်းအပေါ် စာနာစိတ်
ထိပ်တန်းမှာနေ၊
အမုန်းတရား ကင်းစင်မြေ
ကိုယ့်နေရာ ငြိမ်းချမ်းအေး၊
အမုန်းမာန် စွဲအတ္တ
အရှုံးမခံ လူ့ဘဝ
ထုဆစ်ကြပေး။

– ဉာဏ်ရည်ကို ထက်အောင်သွေး
နှလုံးသွေး ဖြူစင်ကြယ်၊
အရာရာ မြင်သမျှ
လှပနေတယ်၊
ငြိမ်းချမ်းခြင်း အဓိပ္ပာယ်
ပညာရယ် သက်သေပြ၊
လောကတစ်ခွင် အလှတရား
ပြောပြချင် အိုလူသား
ကျင့်ကြံပွားကြ။

– ပညာရယ် ပြည့်ဝ
နှလုံးလှ စိတ်ဖြူစင်၊
ကိုယ်လျှောက်ရာ ခရီးလမ်း
အေးချမ်းအမှန်ပင်၊
အမုန်းမရှိ အချစ်ဝင်
အပြစ်မမြင် မေတ္တာပွား၊
ပညာရယ် တိုးတက်မြင့်
ရင်မှာကွယ် အကြင်နာဆင့်တော့
မြင့်မြတ်လူသား။ ။

**ချစ်သက်(မြန်မာစာ)**


COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## နိုင်ငံတကာရာဇဝတ်တရားရုံးကို အရေးယူရန် အမိန့်ဒီကရီတစ်ရပ် ဒေါ်နယ်ထရန့်လက်မှတ်ရေးထိုး

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

နိုင်ငံတကာရာဇဝတ်တရားရုံး (အိုင်စီစီ)ကို အရေးယူပိတ်ဆို့မှုများ ချမှတ်ထားသော အထူးအမိန့် ဒီကရီတစ်ရပ်ကို အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် မဟာမိတ် အစ္စရေးနိုင်ငံတို့အပေါ် အခြေအမြစ်မရှိသည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည့်အတွက် အိုင်စီစီကို အရေးယူပိတ်ဆို့ရန် သမ္မတ ဒေါ်နယ်ထရန့်က အထူးအမိန့် ဒီကရီကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် နိုင်ငံတကာရာဇဝတ်တရားရုံးသည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို ဖမ်းဝရမ်းထုတ်ထားခြင်းနှင့် အခွင့်အာဏာကို အလွဲသုံးစား ပြုလုပ်ခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရန့်၏ အထူးအမိန့်ဒီကရီ၌ ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ရက်အကြာတွင် နိုင်ငံတကာရာဇဝတ်တရားရုံးကို အရေးယူပိတ်ဆို့ရန် သမ္မတ ဒေါ်နယ်ထရန့်က အမိန့်ဒီကရီ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမိန့်ဒီကရီအရ အမေရိကန်အစိုးရအနေဖြင့် အမေရိကန်နိုင်ငံရှိ အိုင်စီစီပိုင်ဆိုင်မှုများကို သိမ်းယူခွင့်၊ အိုင်စီစီတာဝန်ရှိသူများကို ခရီးသွားလာမှုကန့်သတ်ခွင့်များရှိမည်ဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှာ အိုင်စီစီ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းမရှိသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နိုင်ငံတကာအေအိုင်နည်းပညာထိပ်သီးညီလာခံ တရုတ်ဒုတိယဝန်ကြီးချုပ် တက်ရောက်မည်

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ် ဒုတိယဝန်ကြီးချုပ် ကျန်းကိုးချင်းသည် နိုင်ငံတကာလူ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်ထိ ပြင်သစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ပဲရစ်မြို့၌ ကျင်းပမည့် နိုင်ငံတကာလူ့ဉာဏ်ရည်တုနည်းပညာ (အေအိုင်)ဆိုင်ရာ ထိပ်သီးညီလာခံတွင် ဒုတိယဝန်ကြီးချုပ် ကျန်းကိုးချင်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်အဖြစ် ပါဝင်သွားမည်ဖြစ်သည်။

ပဲရစ်မြို့ ရှောင်အယ်လီဇေးနန်းတော်၌ ကျင်းပမည့် နိုင်ငံတကာ အေအိုင်ထိပ်သီးညီလာခံ၌ ဒုတိယဝန်ကြီးချုပ် ကျန်းကိုးချင်းတက်ရောက်မည့်အစီအစဉ်ကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုကြေညာထားသည်။

ပဲရစ်နိုင်ငံတကာ အေအိုင် နည်းပညာ ထိပ်သီးညီလာခံ၌ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ နီးပါးတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါညီလာခံ၌ အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်စ်ဦးဆောင်သော အမေရိကန်အစိုးရကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်မည်ဖြစ်သည်။

ပဲရစ် အေအိုင်နည်းပညာဆိုင်ရာ ထိပ်သီးညီလာခံတွင် နိုင်ငံတကာ ကိုယ်စားလှယ်များသည် ဘေးကင်းလုံခြုံမှုရှိသော အေအိုင်နည်းပညာများ ဖန်တီးရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဗြိတိန်ဘုရင် ချားလ်-၃ အီတလီနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်



**လန်ဒန် ဖေဖော်ဝါရီ ၇**

ဗြိတိန်ဘုရင်မင်းမြတ်ချားလ် -၃ နှင့် ကြင်ယာတော်မိဖုရား ကာမီလာတို့သည် ယခုနှစ်ဧပြီလအတွင်း အီတလီနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အီတလီခရီးစဉ်အတွင်း ချားလ်ဘုရင်-၃သည်အီတလီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ယင်းအပြင် ဗြိတိန်ဘုရင်မင်းမြတ်နှင့် ကြင်ယာတော်မိဖုရားတို့သည် အီတလီခရီးစဉ်အတွင်း ရိုမန်ကတ်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် ချားလ်ဘုရင်-၃၏ ၁၇ ကြိမ်မြောက် အီတလီခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ချားလ်ဘုရင်-၃၏အီတလီခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဘက်ကင်ဟမ်နန်းတော် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အီတလီခရီးစဉ်သည် ကင်ဆာရောဂါတစ်မျိုးအတွက် ဆေးကုသမှုဆက်လက်ခံယူရနေဆဲဖြစ်သည့် ဗြိတိန်ဘုရင် ချားလ်-၃ အတွက် ယခုနှစ်၏ပထမဆုံးပြည်ပခရီးစဉ်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိလာနိုင်ဟုဆို

**ဗန်ကောက် ဖေဖော်ဝါရီ ၇**

ခရီးသွားလုပ်ငန်းအားကောင်းလာမှုကြောင့် ထိုင်းနိုင်ငံ၏ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းထိရှိနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၈ရာခိုင်နှုန်းကြားရှိနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂျူလာပန်အမွန်ဗီဗက်က ယနေ့တွင် စီးပွားရေးဖိုရမ်တစ်ခု၌ ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် ခရီးသွားလုပ်ငန်းအားကောင်းလာမှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအားကောင်းလာမှုနှင့် အစိုးရ၏ပံ့ပိုးမှုများကြောင့် ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိလာနိုင်ကြောင်း ထိုင်းဒုတိယဘဏ္ဍာရေးဝန်ကြီးက ခန့်မှန်းထားသည်။

ယခုနှစ်အတွင်း စက်မှုလုပ်ငန်းနယ်ပယ်သစ် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ထိုင်းနိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်လာနိုင်သေးကြောင်း ထိုင်းဒုတိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့်ပတ်သက်၍ တရားဝင်ကိန်းဂဏန်းများကို ထိုင်းအစိုးရက ယနေ့တွင် ထုတ်ပြန်မည်ဖြစ်သည်။



တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်ရေးစစ်ပွဲသစ်ဖြစ်ပွားနေချိန်တွင် တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်မှုနယ်ပယ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ထိုင်းနိုင်ငံက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဘီအာရ်အိုင်မှ ပနားမားနိုင်ငံနုတ်ထွက်မှု စိတ်မကောင်းဖြစ်ရကြောင်း တရုတ်နိုင်ငံပြောကြား

**ပေကျင်း ဖေဖော်ဝါရီ ၇**

ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအစီအစဉ် (ဘီအာရ်အိုင်)မှ နုတ်ထွက်မည့် ပနားမားနိုင်ငံ၏ ဆုံးဖြတ်ချက်အတွက် တရုတ်အစိုးရအနေဖြင့် စိတ်မကောင်းဖြစ်ရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရ၏ ဖိအားပေးတောင်းဆိုမှုကို လိုက်လျောသည့်အနေဖြင့် တရုတ်နိုင်ငံ၏ ဘီအာရ်အိုင်အစီအစဉ်၌ ဆက်လက်ပါဝင်တော့မည်မဟုတ်ကြောင်း ပနားမားသမ္မတ ဟိုဆေးရောလ်မူလီနိုက ဖေဖော်ဝါရီ ၆ ရက်တွင် ကြေညာထားသည်။

ဘီအာရ်အိုင်အစီအစဉ်မှနုတ်ထွက်မည့် ပနားမားအစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် မိမိတို့အနေဖြင့် စိတ်မကောင်းဖြစ်ရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

ယင်းအပြင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကို ချဲ့ထွင်ရန်၊ ပြည်ပကြားဝင်စွက်ဖက်မှုများကို လက်မခံရန်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပနားမားအစိုးရကို တိုက်တွန်းခဲ့သည်။

ပနားမားနိုင်ငံသည် ကမ္ဘာ့နိုင်ငံ ၁၀၀ကျော်ပါဝင်သည့် ဘီအာရ်အိုင်အစီအစဉ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သော ပထမဆုံး လက်တင်အမေရိကနိုင်ငံဖြစ်သည်။

ပနားမားနိုင်ငံသည် တရုတ်အစိုးရ၏ ဘီအာရ်အိုင်အစီအစဉ်၌ ၂၀၁၇ ခုနှစ်တွင် စတင်ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## PUNCH နေလေ့လာရေးအာကာသမစ်ရှင်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လွှတ်တင်ရန် နာဆာ စီစဉ်ထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

PUNCH အမည်ရှိ နေလေ့လာရေးအာကာသမစ်ရှင်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၆ ရက်သတင်းများအရ သိရသည်။

PUNCH နေလေ့လာရေး အာကာသမစ်ရှင်ကို SPHEREx အာကာသ ရေဒီယိုတယ်လီစကုပ်နှင့် အတူ Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် PUNCH အာကာသမစ်ရှင်သည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် နေရာယူ၍ နေ၏ ဟီလီယိုစဖီးယား (Helio-sphere) ခေါ် နယ်မြေကိုလေ့လာမည်ဖြစ်သည်။

PUNCH အာကာသမစ်ရှင်တွင် ဂြိုဟ်တုငယ်လေးစင်း ပါဝင်မည်ဖြစ်ပြီး ၎င်းဂြိုဟ်တုငယ် လေးစင်းကွန်ရက်ဖွဲ့၍ ဟီလီယိုစဖီးယားနယ်မြေကို လေ့လာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နောက်ပိုင်းတွင် PUNCH မစ်ရှင် ဂြိုဟ်တုများသည် နာဆာ၏ အခြားနေလေ့လာရေး အာကာသယာဉ်များနှင့်ချိတ်ဆက်၍ စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင် မည်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် PUNCH မစ်ရှင် ဂြိုဟ်တုများနှင့် SPHEREx အာကာသ ရေဒီယိုတယ်လီစကုပ်တို့ကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အက်မော့စ်စပေ့စ်ကာဂိုကုမ္ပဏီက ပထမဆုံးစမ်းသပ်အာကာသကုန်တင်ယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်

**ဘာလင် ဖေဖော်ဝါရီ ၇**

ဂျာမနီနိုင်ငံအခြေစိုက် အက်မော့စ်စပေ့စ်ကာဂို ကုမ္ပဏီသည် ၎င်း၏ ပထမဆုံးစမ်းသပ်အာကာသကုန်တင်ယာဉ်ကို Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်သတင်းများအရ သိရသည်။

ဖီးနစ်အမည်ရှိ အဆိုပါစမ်းသပ်အာကာသ ကုန်တင်ယာဉ်ကို Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ Bandwagon-3 မစ်ရှင်ဖြင့် ထည့်သွင်းလွှတ်တင်မည်ဖြစ်ကြောင်း အက်မော့စ်စပေ့စ်ကာဂိုကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် Band-wagon-3 မစ်ရှင်ကို ယခုနှစ် ဧပြီလအတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဖီးနစ်အာကာသကုန်တင်ယာဉ်




သည် ကမ္ဘာပတ်လမ်းပေါ်မှ ကုန်ပစ္စည်းများကို ကမ္ဘာပေါ်သို့ ပြန်လည်ယူဆောင်ရေးအတွက် ပုံစံထုတ် တည်ဆောက်ထားသည့် အာကာသယာဉ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဖီးနစ်အာကာသကုန်တင်ယာဉ်သည် အလေးချိန် ပေါင် ၂၀၀(ကီလိုဂရမ် ၁၀၀) ရှိမည့် ကုန်စည်များကို ကမ္ဘာပတ်လမ်းပေါ်မှကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်သယ်ယူပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် နောက်ပိုင်းတည်ဆောက်မည့် ဖီးနစ်အာကာသကုန်တင်ယာဉ်ပုံစံသစ်များကမူ ကုန်စည်ပမာဏကို တန်ချိန်နှင့်ချီ၍ သယ်ယူပေးပို့နိုင်မည်ဖြစ်သည်ဟု အက်မော့စ်စပေ့စ်ကာဂို ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အန္တာတိကဒေသ၌တွေ့ရှိသည့် ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းက ခေတ်သစ်ငှက်သတ္တဝါများ၏ သက်တမ်းရှေးအကျဆုံးဘိုးဘေးဖြစ်နိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အန္တာတိကဒေသ၌ တူးဖော်တွေ့ရှိသည့် ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းသည် ခေတ်သစ်ငှက်သတ္တဝါများ၏ သက်တမ်းရှေးအကျဆုံး ဘိုးဘေးဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၆ ရက်သတင်းများအရ သိရသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၉ သန်းထိရှိသော အထက်ပါကျောက်ဖြစ်ရုပ်ကြွင်းသည် ခေတ်သစ်ဘဲနှင့်ငန်းများ၏ ဘိုးဘေးဖြစ်သည့် ရေပျော်ငှက်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ရေပျော်ငှက် ကျောက်ဖြစ်ရုပ်ကြွင်းကို Vegvis iaai ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Vegvis iaai ရေပျော်ငှက်များသည် ခရီတေးစီးယပ်စ်ဘူမိခေတ်အတွင်း တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများနှင့်အတူ အန္တာတိက၌ ရှင်သန်ခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Vegvis iaai ရေပျော်ငှက်များသည် ခရီတေးစီးယပ်စ်ဘူမိခေတ်နှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့သော သက်ရှိမျိုးစိတ်များ အစုလိုက်အပြုံလိုက် ပျက်သုဉ်းမှုမှ လွတ်မြောက်ခဲ့ကြသည့် သက်ရှိများဖြစ်ကြောင်း သိရသည်။

Vegvis iaai ကျောက်ဖြစ်ရုပ်ကြွင်းကို အန္တာတိကဒေသ ဗီဂါကျွန်းပေါ်၌ ၁၉၉၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ကိုဗစ်ကြောင့် အချို့လူများတွင် သွေးကြောများပိတ်ပြီး နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ မြင့်မားလာနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၇**

ကိုဗစ်ရောဂါကြောင့် အချို့လူများတွင် သွေးကြောများ ပိတ်ဆို့သွားနိုင်ပြီး နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဖေဖော်ဝါရီ ၆ ရက်သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ဖူတန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကူးစက်ခံရမှုသည် နှလုံးဆီသို့ သွေးများပို့ပေးနေသော သွေးကြောများအတွင်း အဆီများစုစည်းလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

သို့ဖြစ်ရာ ကိုဗစ်ရောဂါကြောင့် သွေးကြောများ ပိတ်ဆို့နိုင်ပြီး နှလုံးရှုတ်တရက်ဖောက်နိုင်ခြေလည်း မြင့်တက်လာနိုင်သည်ဟု တရုတ် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါ နောက်ဆက်တွဲရောင်ရမ်းမှုကြောင့် နှလုံးသွေးကြောများအတွင်း အဆီခဲတ်များ စုစည်းလာနိုင်ခြေ မြင့်မားလာတတ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ အဆီခဲတ်များသည် သွေးစီးဆင်းမှုကို ပိတ်ဆို့ထားတတ်ရာ နှလုံးရှုတ်တရက်ဖောက်နိုင်ခြေလည်း နောက်ဆက်တွဲအဖြစ် မြင့်မားလာနိုင်ကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၈၀၀ ကျော်တို့၏ နှလုံးခဲတ်မှန်များကိုလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Yo-Yo ဓာတ်စာတစ်မျိုးက ပုံစံ-၁ ဆီးချိုလူနာများ၌ ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**ပဲရစ် ဖေဖော်ဝါရီ ၇**

Yo-Yo ခေါ် ခဓာတ်စာပုံစံတစ်မျိုးသည် ပုံစံ-၁ ဆီးချိုရောဂါလူနာများ၌ ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၆ ရက်သတင်းများအရ သိရသည်။

ကိုယ်အလေးချိန် အတက်အကျမြင့်မားသည့် ဆီးချိုရောဂါလူနာများ၏ ကျောက်ကပ်များမှာ သွေးအတွင်းရှိ အဆိပ်အတောက်များကို စစ်ယူနိုင်စွမ်း ၄၀ ရာခိုင်နှုန်း ကျဆင်းသွားတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Yo-Yo ဓာတ်စာကြောင့် ပုံစံ-၁ ဆီးချိုရောဂါလူနာများ၌ အထက်ပါ ကျောက်ကပ်ပြဿနာပေါ်လာနိုင်ခြေ သိသိသာသာ မြင့်တက်လာနိုင်သည်ဟု ပြင်သစ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Yo-Yo ဓာတ်စာ စားသုံးသူ ပုံစံ-၁ ဆီးချိုလူနာများ၌ ကိုယ်အလေးချိန် တက်လိုက်ကျလိုက် မကြာခဏ ဖြစ်ပွားတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များသည် ပုံစံ-၁ ဆီးချိုလူနာဦးရေ ၁၄၀၀ တို့၏ ကိုယ်အလေးချိန် အချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Yo-Yo ဓာတ်စာ စားသုံးမှုကြောင့် ကိုယ်အလေးချိန် အတက်အကျမြင့်မားသူ ပုံစံ-၁ ဆီးချိုလူနာများ၌ ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း ပြင်သစ် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ကွာရာဘောင်းဖလား ဗိုလ်လုပွဲစဉ်တွင် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့တွေ့ဆုံ

အဘူဒါဘီ ဖေဖော်ဝါရီ ၇

ကွာရာဘောင်းဖလား ဆီမီး ဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် လီဗာပူးအသင်းက စပါးအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး နယူးကာဆယ်အသင်းနှင့် တွေ့ဆုံနေသည်။

ကွာရာဘောင်းဖလား လက်ရှိချန်ပီယံလီဗာပူးအသင်းသည် ပထမအကျော့အဝေးကွင်းပွဲစဉ်တွင် စပါးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် ပွဲစကတည်းက တိုက်စစ်ဖြင့် ကစားနိုင်ခဲ့ရာ ပွဲချိန် ၃၄ မိနစ်တွင် ဂတ်ပိုကလည်းကောင်း၊ ပွဲချိန် ၅၁ မိနစ်တွင် ဆာလာဟ်က ပင်နယ်တီမှလည်းကောင်း၊ ပွဲချိန် ၇၅ မိနစ်တွင် ဆိုဘော့ဇလိုင်က လည်းကောင်းပွဲချိန်မိနစ် ၈၀ တွင် ဗန်ဒိုက်ကလည်းကောင်း ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး စပါးအသင်းအနေဖြင့် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း လီဗာပူးအသင်း၏ထိန်းချုပ်ခြင်းကိုသာ ခံခဲ့ရသဖြင့် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ၁၅ ကြိမ်မြောက် ဆုဖလားရရှိထားသည့် လီဗာပူးအသင်းအနေဖြင့် ၁၆ ကြိမ်မြောက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်အသင်းကို နှစ်ကျော့ပေါင်းရလဒ်လေးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

Ref : Fotmob

Trs : ML

# ဇန်နဝါရီလ ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို နည်းပြအီယာအိုလာနှင့် ကလွိုက်ဗက်တို့ဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၇

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးဆုများကို ဘုန်းမောက်အသင်းနည်းပြ အီယာအိုလာနှင့် တိုက်စစ်ကစားသမား ကလွိုက်ဗက်တို့ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြ အီယာအိုလာရီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘုန်းမောက်အသင်းကို ဇန်နဝါရီလအတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ လေးပွဲတွင် သုံးပွဲအနိုင်ရရှိခဲ့ပြီး ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ကလွိုက်ဗက်သည် ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုဆန်ခါတင် ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဖိုဒန်၊ လီဗာပူးအသင်းမှ ဂတ်ပို၊ အသင်းဖော်ဒိန်းဟူဂျီဆန်၊ နယူးကာဆယ်အသင်းမှအစ်ဆက်ကဲပလေ့စ်အသင်းမှ မာတီတာ၊ ဘရန့်ဖို့ဒ်အသင်းမှ ဗီအူမိုတို့ကိုကျော်ဖြတ်၍ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လေးပွဲပါဝင်ကစားခဲ့ရာ ငါးဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် နှစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် ဇန်နဝါရီလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## အားကစားသတင်းအတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်များတွင် VAR ဆုံးဖြတ်ချက်ကြောင့် မှားယွင်းမှု ၁၃ ကြိမ်ထိရှိခဲ့သဖြင့် ယခင်ဘောလုံးရာသီထက်နှိုင်းယှဉ်ပါက ခုနစ်ကြိမ်ထိ လျော့ကျခဲ့ကြောင်း ပရီးမီးယားလိဂ် Key Match Incidents အဖွဲ့က ထုတ်ပြန်ခဲ့သည်။
- အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့်လည်းကောင်း၊ချဲလ်ဆီးအသင်းကမန်စီးတီးအသင်းနှင့်လည်းကောင်း တွေ့ဆုံနေကြောင်း သိရသည်။ ML

# စပိန်ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘာစီလိုနာအသင်း ဂိုးပြတ်နိုင်ပွဲရရှိ



မက်ဒရစ် ဖေဖော်ဝါရီ ၇

စပိန် ကိုပါဒယ်ရေးဖလား ကွာတား ဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဗလင်စီယာအသင်းနှင့် ဘာစီလိုနာအသင်းတို့ တွေ့ဆုံခဲ့ရာ ဘာစီလိုနာအသင်းက ငါးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီး ဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ယခုပြိုင်ပွဲ ၁၆ သင်းအဆင့်တွင်လည်း ဘက်တစ်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် ဗလင်စီယာအသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲချိန် သုံးမိနစ်၊ ၁၇ မိနစ်နှင့် မိနစ် ၃၀ တို့တွင် ဖာရန်တောရက်စ်က တန်ပြန်တိုက်စစ်မှ ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၂၃ မိနစ်တွင်လည်း လိုပက်ဇ်က သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့သောကြောင့်ပထမပိုင်းတွင်ဗလင်စီယာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းက ခံစစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့သဖြင့် ဗလင်စီယာအသင်း ချေပဂိုးရရှိရန် ခက်ခဲခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ရာဖင်ဟာ၏ဖန်တီးပေးမှုမှ ယာမယ်က ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဗလင်စီယာအသင်းကို ဒုတိယအကြိမ်မြောက် ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် မြဝတီအက်ဖ်စီအသင်းက ဒဂုံပေါ့အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၂၈ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် မျိုးဆက်ပိုင်က ဒဂုံပေါ့အသင်းအတွက် ချေပဂိုးပြန်သွင်းယူနိုင်သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြဝတီအက်ဖ်စီအသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် စိုးသက်မောင်ကလည်းကောင်း၊ ပွဲချိန် ၈၁မိနစ်တွင် နိုင်ဇင်ထက်ကလည်းကောင်း၊ ပွဲချိန် ၉၆ မိနစ်တွင် ရန်နိုင်ဦးကလည်းကောင်း မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြဝတီအက်ဖ်စီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် နိုင်ဇင်ထက်က ဆွတ်ခူးနိုင်ခဲ့သည်။



STA

# Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရိုင်ဘာကီနာတက်ရောက်



အဘူဒါဘီ ဖေဖော်ဝါရီ ၇

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် ကျင်းပနေသည့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၂၊ ၄-၆၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် ကစားသမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲ ဖြစ်ခဲ့ကြောင်း သိရသည်။

ပထမပွဲငယ်တွင် ရိုင်ဘာကီနာက ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အွန်ဂျပ်ဘာက ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ tie-break ထိကစားခဲ့ပြီး ရိုင်ဘာကီနာက အနိုင်ရခဲ့သည်။

ရိုင်ဘာကီနာသည် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး အွန်ဂျပ်ဘာအား အနိုင်ရခဲ့ပြီးနောက် လက်ရှိချန်ပီယံကိုကာကွယ်နိုင်ရန်လည်း ပိုမိုရေပန်းစားလာခဲ့သည်။

ရိုင်ဘာကီနာက "လွယ်ကူတဲ့ပွဲစဉ်တစ်ပွဲတော့ မဟုတ်ခဲ့ပါဘူး။ အွန်ဂျပ်ဘာကစားသွားတာအရမ်းကောင်းတယ်။ ဒုတိယပွဲစဉ်မှာဆိုရင် ကျွန်မဘာအခွင့်အရေးမှကို မရခဲ့ဘူး။ သူ့ဘက်ကဖိအားတွေဆက်တိုက်ပေးနိုင်ခဲ့သလို ကျွန်မအနေနဲ့လဲ အမှားတွေဆက်တိုက်ကျူးလွန်မိခဲ့တယ်။ အွန်ဂျပ်ဘာနဲ့ မကစားခင်ကတည်းက ခက်ခဲမယ်ဆိုတာ ကြိုတင်မျှော်တွေးမိသားပါ။ တစ်ပွဲစီ အနိုင်ရထားပြီး အဆုံးအဖြတ်ပွဲစဉ် ကစားတဲ့အချိန်လုံးဝမားလို့ မရတော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်သတိပေးခဲ့တယ်။ အမှားနည်းအောင် ကစားနိုင်ခဲ့လို့လဲ အနိုင်ရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီက Heron TP မောင်းသူမဲ့လေယာဉ်ကို နယ်သာလန်လေကြောင်းပိုင်နက်အတွင်း ပထမဆုံးအကြိမ်ပျံသန်း



ဂျာမနီနိုင်ငံသည် Heron TP (GHTP) မောင်းသူမဲ့လေယာဉ်ကို နယ်သာလန်နိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့ထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် နယ်သာလန်နိုင်ငံ လေကြောင်းပိုင်နက်အတွင်း ပထမဆုံးအကြိမ် ပျံသန်းမှုဆောင်ရွက်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ဂျာမနီလေတပ် စစ်ဆင်ရေးဆိုင်ရာ တစ်စိတ်တစ်ပိုင်းကို ဥရောပမစ်ရှင်များအဖြစ် တဖြည်းဖြည်း ပေါင်းစည်းလုပ်ဆောင်လာနိုင်ခဲ့ခြင်းကို ဖော်ပြနေခြင်းလည်းဖြစ်သည်။ ဂျာမနီနိုင်ငံ Jagel လေဆိပ်မှ နယ်သာလန်နိုင်ငံ လေပိုင်နက်အတွင်းသို့ ပျံသန်းခဲ့မှုသည် ဂျာမနီစစ်ဘက်၏ အလယ်အလတ် အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော MALE အမျိုးအစား Heron TP (GHTP) မောင်းသူမဲ့လေယာဉ်အတွက် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

GHTP မောင်းသူမဲ့လေယာဉ်သည် အစ္စရေးနိုင်ငံ Israel Aerospace Industries (IAI) ကုမ္ပဏီကတီထွင်ထားသည့် Heron TP UAV ကိုအခြေခံ၍ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် မဟာဗျူဟာ ကင်းထောက်ခြင်းအတွက် ဒီဇိုင်းထုတ်ထားသည့် မောင်းသူမဲ့လေယာဉ်စနစ်ဖြစ်သည်။ အဆိုပါမောင်းသူမဲ့လေယာဉ်သည် Airbus ကုမ္ပဏီနှင့် IAI ကုမ္ပဏီကြား ပူးပေါင်းဆောင်ရွက်မှုရလဒ်တစ်ခုဖြစ်ပြီး လေထဲတွင် နာရီ ၃၀ ကျော်ကြာ၊ အမြင့်ပေ ၄၅၀၀၀ ထိရောက်ရှိနိုင်ကာ အရပ်ဘက်လေကြောင်းလိုင်းများအပေါ်တွင် ပျံသန်းနိုင်စွမ်းရှိမည်ဖြစ်သည်။

အလေးချိန် ကီလိုဂရမ် ၂၇၀၀ ရှိသော GHTP မောင်းသူမဲ့လေယာဉ်သည် အာရုံခံကိရိယာမျိုးစုံနှင့် စစ်လက်နက်ပစ္စည်းများ တင်ဆောင်နိုင်သည်။ ၎င်းတွင် အဆင့်မြင့် Electro-Optical နှင့် အနီအောက်ရောင်ခြည် အာရုံခံစနစ်များ၊ ရှာဖွေထောက်လှမ်းရေးရေဒါများနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ ပါဝင်သည်။ ဖြုတ်လွယ်၊ တပ်လွယ် မော်ဂျူလာဖွဲ့စည်းပုံဒီဇိုင်းသည် လေကြောင်းကင်းထောက်ခြင်း၊ မြေပြင်စစ်ကူပေးခြင်း၊ ပစ်မှတ်ဖော်ထုတ်ပေးခြင်း စသည်တို့အပါအဝင် ရည်မှန်းချက်တာဝန်အမျိုးမျိုး ပေးအပ်ရန် သင့်လျော်မည်ဖြစ်သည်။ မြင်းကောင်ရေ ၁၂၀၀ အားဖြင့် PT6 တာဘိုပရော့အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အများဆုံးအမြန်နှုန်း ၂၂၀ KTAS ထိ ရောက်ရှိပျံသန်းနိုင်ကာ လေထဲတွင် ကြာရှည်နေနိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ လုပ်ဆောင်နိုင်မှုတို့ကို ပံ့ပိုးပေးထားသည်။

နယ်သာလန် လေပိုင်နက်အတွင်း GHTP မောင်းသူမဲ့လေယာဉ်၏ပထမဆုံးသော ပျံသန်းမှုခရီးစဉ်သည် ဂျာမနီအတွက် မြင်သာထင်သာသောတိုးတက်မှုခြေလှမ်းတစ်ရပ်ဖြစ်ပြီး ၎င်း၏မဟာဗျူဟာမြောက် ကိုယ်တိုင်လုပ်ဆောင်နိုင်မှုကို အဆင့်မြှင့်တင်ရန် ချက်ချင်းရရှိနိုင်သည့် မောင်းသူမဲ့လေယာဉ်စနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဤပေါင်းစပ်မှုသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်မစ်ရှင်များတွင် MALE ဒရုန်း၊ UAV များ၏အခန်းကဏ္ဍကို မီးမောင်းထိုးပြလျက်ရှိပြီး ဒရုန်းစစ်ဆင်ရေးနှင့်လေကြောင်းပိုင်နက်ဆိုင်ရာ စည်းမျဉ်းများတွင် ဥရောပနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း သိရသည်။

**Germany Explores its UAV Capabilities with First Flight of Heron TP Drone in Netherlands ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက စစ်မြေပြင်တွင် လေဆာလက်နက်ကို ပထမဆုံးအကြိမ် ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ကြောင်းကြေညာ

ယူကရိန်းတပ်မတော် မောင်းသူမဲ့စနစ်တပ်ဖွဲ့ တပ်မှူး ဗိုလ်မှူးကြီး Vadym Sukharevskyi က စစ်မြေပြင်တွင် နိုင်ငံ၏ လေဆာလက်နက်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ကြောင်း ကြေညာခဲ့ပြီး ၎င်းသည် အရာဝတ္ထုများကို သီးခြားစီခွဲ၍ ထိထိရောက်ရောက် ပစ်မှတ်ထားတိုက်ခိုက်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းသည် ထိုကဲ့သို့သော တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်ပိုင်ဆိုင်သည့် ပဉ္စမမြောက်နိုင်ငံ ဖြစ်လာကြောင်း ဗိုလ်မှူးကြီး Sukharevskyiက အတည်ပြုပြောကြားခဲ့သည်။ အဆိုပါလေဆာလက်နက်ကို Trizub (Trident) ဟု အမည်ပေးထားပြီး စစ်ဆင်ရေးအကွာအဝေး နှစ်ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

လေဆာလက်နက်ဖြန့်ကြက်အသုံးပြုလာမှုသည် အထူးသဖြင့် ဒရုန်းအန္တရာယ်များကိုတန်ပြန်ရန် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရေးအတွက် ယူကရိန်း၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ခေတ်သစ်စစ်ပွဲများတွင် အပြိုင်အဆိုင် ရင်ဆိုင်ဆင်နွှဲနေရသည်ဖြစ်ရာ စစ်ဘက်နည်းပညာများ အဆင့်မြင့်မားရေးအတွက် ယူကရိန်းနိုင်ငံ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှုကိုလည်း ထင်ဟပ်စေလျက်ရှိသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ဘက် တပ်စွဲထားရာနေရာများ၊ အရေးပါသော အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ရန်အတွက် အီရန်နိုင်ငံထုတ် Shahed ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းအပါအဝင် ခေတ်မီမောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုက်ပွဲဝင်အသုံးပြုလျက်ရှိသည်။ သို့သော်လည်း RAND Europe ပညာရှင်အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး James Black က ယူကရိန်းတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် လေဆာလက်နက်အသုံးပြုမှုသည် လက်ရှိတွင် အကန့်အသတ်ရှိနေသေးပြီး စမ်းသပ်ဆဲစနစ်များအမြောက်အမြား ပေါ်ထွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။



တိုက်ရိုက်စွမ်းအင်သုံး အဆင့်မြင့်လေဆာလက်နက်စနစ်များကို တပ်ဖြန့်အသုံးပြုရန်အတွက် ယေဘုယျအားဖြင့် ယူကရိန်းနိုင်ငံ ရင်ဆိုင်ကြုံတွေ့ရမည့် နည်းပညာ၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေး၊ တိုက်ပွဲဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့တွင် အတားအဆီး၊ အခက်အခဲများ ရှိနေသေးကြောင်း၊ ထို့ပြင် လေဆာစနစ်ကို အခြားလေကြောင်းရန်ကာကွယ်ရေး လက်နက်ပစ္စည်းကိရိယာများနှင့် ပေါင်းစည်းခြင်း၊ ယုံကြည်စိတ်ချရသော စွမ်းအင်ထောက်ပံ့မှုရရှိစေရန်နှင့် ဆိုးရွားသော ရာသီဥတုအခြေအနေများတွင် လုပ်ဆောင်နိုင်ခြင်းအပါအဝင် အခြားစိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း James Black က ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ယူကရိန်းနိုင်ငံမှ လေဆာလက်နက်ကို စစ်မြေပြင်တွင် တပ်ဖြန့်အသုံးပြုခြင်းသည် ကမ္ဘာတစ်ဝန်းရှိ အနာဂတ်စစ်ရေးဆိုင်ရာအသုံးချမှုများအတွက် စံနမူနာတစ်ခုဖြစ်လာနိုင်သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် ရုရှားနိုင်ငံနှင့် ဖြစ်ပွားနေသော ပဋိပက္ခအတွင်း လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် ယူကရိန်း၏ နောက်ဆုံးပေါ်နည်းပညာကို ထုတ်သုံးပြလိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ukraine Announces Successful Use of First Laser Weapon on Battlefield ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## ချစ်၍ချည်သောကြိုး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ပြုလုပ်



ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ကျိုက္ကဆံစေတီတော်တွင် ချစ်၍ချည်သောကြိုး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ချစ်၍ချည်သောကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ပြဇာတ်ဒါရိုက်တာ စာရေးဆရာငြိမ်းမင်းက ရေးသားထားပြီး ခေတ်ရှေ့ညိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ညီညီငြိမ်းမင်းက တာဝန်ယူပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ဆရာငြိမ်းမင်းရဲ့ဇာတ်ဆိုတော့ ပြောဖွယ်ရာမရှိပါဘူး။ တစ်ယောက်တည်းက ဦးတည်သွားတဲ့ဇာတ်မျိုးမဟုတ်ဘူး။ မိဘမေတ္တာ၊ ဆရာတစ်ယောက်ရဲ့ တပည့်အပေါ်ထားတဲ့ မေတ္တာနဲ့ ချစ်ခြင်းတရားတွေပါဝင်မဲ့ ဇာတ်လမ်းလေးပါ။ ဒီဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရမဲ့နေရာက သမီးလေးတစ်ယောက်ရှိတဲ့ မိခင်နေရာကဖြစ်ပါတယ်။ ဇာတ်လေးကကောင်းလို့ လက်ခံရိုက်ကူးဖြစ်တာပါ"ဟု အဆိုပါဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အေးမြတ်သူက ပြောပြသည်။

ချစ်၍ချည်သောကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမျိုးအောင်၊ အောင်ရဲချမ်းသံလွင်၊ အေးမြတ်သူ၊ ဖူးစုံ၊ သွဏ်း နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ASH

## The Whisper Man ဇာတ်ကား၌ မင်းသားကြီး ရောဘတ်ဒီနီရိုး ပါဝင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၇

Netflix ကုမ္ပဏီ၏ The Whisper Man အမည်ရှိ မှုခင်းထိတ်လန့်သည်းဖို့ဇာတ်ကား၌ မင်းသားကြီး ရောဘတ်ဒီနီရိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

The Whisper Man ဇာတ်ကားသည် စာရေးဆရာ အဲလက်နော့စ်၏ နာမည်ကျော် ဝတ္ထုတစ်ပုဒ်ဖြစ်သည့် The Whisper Man ဝတ္ထုကိုအခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် သားဖြစ်သူ ပြန်ပေးဆွဲခံထားရသည့် မှုခင်း ဝတ္ထု စာရေးဆရာတစ်ဦးက ကွင်းဆက်လူသတ်သမားတစ်ဦးနှင့် ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းအက်ခရော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါ ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသားကြီး ရောဘတ်ဒီနီရိုး နှင့် Netflix ကုမ္ပဏီတို့သည် The Irishman နှင့် Zero Day ဇာတ်ကားများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## တေးသံရှင် အိမ့်ချစ်၏ Eint Chit (Live at FG Studio) တေးသီချင်းအယ်လ်ဘမ် ဖေဖော်ဝါရီ ၉ ရက်တွင် ထွက်ရှိလာမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဂီတသက်တမ်း အနှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် တေးသံရှင် အိမ့်ချစ်၏ Eint Chit (Live at FG Studio) တေးသီချင်းအယ်လ်ဘမ် ဖေဖော်ဝါရီ ၉ ရက်တွင် ထွက်ရှိလာမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

Eint Chit (Live at FG Studio) တေးသီချင်း အယ်လ်ဘမ်တွင် ဂီတသက်တမ်း အနှစ် ၂၀ အတွင်း အောင်မြင်ခဲ့သည့် အိမ့်ချစ်၏ တေးသီချင်းများကို စုစည်းကာ ပြန်လည် သီဆိုထားခြင်းဖြစ်ပြီး တေးရေး မင်းချစ်သူ၊ နေ့ခင်နေ့ခင် (SF)၊ ရီရီ၊ ရဲလေး၊ သားကြီး၊ ကမ္ဘာ၊ အားတီ၊ ဘန်နီဖြိုး၊ အိမ့်ချစ်တို့ ရေးသားထားသည့် တေးသီချင်း စုစုပေါင်း ၁၀ ပုဒ်ပါဝင်ထားကြောင်း သိရသည်။

"ဂီတသက်တမ်း နှစ် ၂၀ ပြည့် အမှတ်တရလေးအနေနဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ ပရိသတ်တွေ နားဆင်ဖို့ Audio အနေနဲ့ ထွက်ရှိလာမှာပါ။ ပရိသတ်တွေကြိုက်နှစ်သက်ခဲ့ကြတဲ့ သီချင်းလေးတွေများပါတယ်။ Lucky Hand Music Band က ပံ့ပိုးတီးခတ်ပေးထားပြီး FG Production က ထုတ်လုပ်ပေးထားတာပါ။ ချစ်ရတဲ့ Fan တွေအတွက် အိမ့်ချစ်ရဲ့အကောင်းဆုံး



တွေထဲက အချို့သီချင်းလေးတွေကို Studio live version အနေနဲ့ တီးခတ်သီဆို အသံသွင်းထားတဲ့ Eint Chit (Live at FG studio) သီချင်းလေးတွေကို I Tune၊ Spotify တို့မှာ နားဆင်နိုင်ပါပြီ။ Local App တွေမှာလဲ မကြာခင်ရပါတော့မယ်"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် အိမ့်ချစ်၏ Eint Chit (Live at FG studio) တေးသီချင်းအယ်လ်ဘမ်တွင် ထို့ကြောင့်ဝေးကြသည်၊ ကြွေလွင့်ရတော့မယ်၊ ပြန်ဆုံချင်တာပဲ သိတာပါ၊ အောင်မြင်မှုနောက်ကွယ်၊ အချစ်ရေး၊ ရေစီးကြောင်းသံယောဇဉ် (ft. Junior)၊ လူတွေအကုန်သိတယ်၊ စတော်ဘယ်ရီသမီးလေး၊ ၁၀နှစ်၊ ချစ်ခြင်းကိုမခွဲပါနဲ့ တေးသီချင်းများ ပါဝင်ကြောင်း သိရသည်။ ASH

## Animals ဇာတ်ကားကို ဘင်အက်ဖလက်က ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်

နယူးယောက် ဖေဖော်ဝါရီ ၇

Netflix ကုမ္ပဏီအတွက် Animals အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်ကို ကမ္ဘာကျော် မင်းသား ဘင်အက်ဖလက်က ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက် သတင်းများအရ သိရသည်။

မင်းသား ဘင်အက်ဖလက်သည် Animals ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့်အပြင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Animals ဇာတ်ကားတွင် ဘင်အက်ဖလက်နှင့်အတူ မင်းသမီး ဂျီလီယံအန်ဒါဆင်လည်း ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

ပြန်ပေးဆွဲမှုနောက်ခံလျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည့် Animals ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ ကွန်နာဂဖက်အင်တိုင်ရီနှင့် ဘီရေးတို့က ရေးသားပေးထားသည်။

လက်ရှိတွင် Animals ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ Animals ဇာတ်ကားကို လော့စ်အိန်ဂျလိစ်မြို့တော်၌ ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





## တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် မေလသံစဉ်တို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် ARENA Entertainment Bar တွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် ဖေဖော်ဝါရီ ၇

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် မေလသံစဉ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ARENA Entertainment Bar ၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် မေလသံစဉ်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုကို ARENA တေးဂီတအဖွဲ့ကအကောင်းဆုံးတီးခတ်ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"ARENA Entertainment Bar မှာ မေလသံစဉ်နဲ့အတူ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ အတူတူဆိုလို့ရမဲ့ သီချင်းတွေချည်းရွေးချယ်ဖျော်ဖြေပေးသွားမှာပါ"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်နှင့် မေလသံစဉ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ARENA Entertainment Bar တွင် ညနေ ၅ မှ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects preservation of Lawkha Tharaphu Pagoda and MaungO brick road in ancient city, Inwa, Mandalay Region



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to the Lawkha Tharaphu Buddha Image.

**Nay Pyi Taw February 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Joint SAC Secretary General Ye Win Oo, SAC members, union ministers and wives, senior military officers from Office of Commander-in-Chief and wives, the Mandalay Regin chief minister, the Central Command commander and officials, inspected preservation of Lawkha Tharaphu Pagoda and MaungO brick road in ancient city, Inwa, Mandalay Region this afternoon.

The Senior General and wife and party arrived at Lawkha Tharaphu Pagoda and paid homage to Lawkha Tharaphu Buddha Image in the brick chamber and offered flowers, water, lights. Afterwards, they paid homage to Maha Lawkha Thingyit Pagoda clockwise. The pagoda is located at the back of the brick chamber where the Image is placed. The Senior General and party then inspected the preservation of religious buildings in the pagoda compound. Officials reported on the brief history of Lawkha Tharaphu Pagoda and Maha Lawkha Thingyit Pagoda and renovation activities along the past successive periods.

In response, the Senior General said glass mosaics on the interior walls of the pagoda are deteriorating because of their old age, and they should be restored in their original style. Systematic research must be done for leveling the pagoda platform, proper drainage and sustainability. Ancient religious buildings need systematic protection and preservation. Meal offering passages also need restoration and renovation according to their original designs. Ancient works and designs and ancient culture and customs must be preserved continuously. Arrangements will be made to install solar power at the pagoda and religious buildings for offering lights round the clock. He also looked into other requirements.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla accept a Dhamma gift.



Senior General Min Aung Hlaing inspects preservation of the Lawkha Tharaphu Pagoda.

The Senior General signed the visitor's book of the pagoda. The Senior General and wife made cash donations for multiple sectors of the pagoda. Members of the Pagoda Board of Trustees accepted the donations and presented Dhamma gifts to the donors.

King Hsinbyushin Taninganway, the ninth king of Nyaungyan dynasty of second Inwa period built the Lawkha Tharaphu Pagoda in AD 1730 (1092ME). As the king passed way before the completion of the pagoda, his son, King Maha Dhamma Razadipati Kyathapatay King Hantawadyyauk continued the pagoda project. The Lawkha Tharaphu Buddha Image was built from a single marble bounder. It is 27 feet nine inches tall. Its cross-leg sitting part is 18 feet and nine inches wide, and its weight is 490.36 tons. Maha Lawkha Thingyit Pagoda was bult at the back of the brick chamber in which Lawkha Tharaphu Buddha Image is placed. King Sintgu of Konboung dynasty built the pagoda in 1140ME. King Hanthawady, son of King Mindon and King Pagan renovated the pagoda. Maha Lawkha Thingyit Pagoda and the brick chamber collapsed due to an earthquake in 1200ME. King Mindon repaired the building but he could not finish the work. Dipa Ayemya Gyaung Sayadaw U Nandathiri of Sagaing mountain range renovated the buildings to the present situation.

*See Page 13*

# SAC Information Team Leader clarifies government's efforts in combatting online scams and other criminal activities, replies to questions on people's military service



SAC Information Team Leader Maj-Gen Zaw Min Tun.

**Nay Pyi Taw February 7**

Today, I will reply to questions raised by media about efforts of the government in combatting online scams and other criminal activities and people's military service issues.

Myanmar government cooperates with international communities in effectively combatting online scams and other crimes. On 3 February this year, the Chairman of the State Administration Council Prime Minister instructed Union ministers and chief ministers of regions and states to effective take action against online scams and gambling as the State faces hardships due to these crimes at the Union government's meeting. The Prime Minister also said that the government is actively cooperating with international communities in eradicating the criminal cases. He stressed the need to strictly handle exposing and taking action against those who committed online gambling and scams in addition to other criminal cases. Moreover, the Prime Minister emphasized all need to follow his guidance to take effective action against officials from relevant regions if they are involved in the crimes in addition to those who committed drug cases and other crimes. With regard to combatting the online gambling cases, a total of 61 persons—39 Chinese, one from Kazakhstan, five from Indonesia, one from Ethiopia, one from Pakistan, one from Malaysia and 13 from India who were forcibly trafficked to commit online scams and gambling in Shwekokko and KK Park near Myawady of Thai-Myanmar border— were exposed, and officials from Myanmar government, Myanmar Police Force and Immigration Body handed them over to officials from Thailand on 6 February 2025. According to the confessions, they were lured through online to work at computerized jobs and translation employment with high salaries. They initially arrived in Mae Sot of Myanmar-Thai border via Bangkok of Thailand from their relevant countries. Representatives from online gambling and scam businesses took them illegally crossing Thaungyin River of Thai-Myanmar border and forcibly ordered them to work at online scams and gambling businesses in Shwekokko and KK Park of Myawady.

Likewise, the government is accelerating an operation to combat criminal cases related to online gambling and scams in the eastern part of the northeast of Shan State. On 5 February, acting on tip off that scams and gambling are being undertaken, security forces went to Mongha area of Mongyai in Shan State and inspected the region. They found seven buildings where scams and gambling activities were conducted near Nawnghan Village of Mongha region in Mongyai Township. Hence, they combed the area and seized arms, ammunition, 181 mobile phones, 25 laptops, 21 desktops, 28 keyboards, two Wi-Fi devices, two sets of StarLink internet communication devices, solar panels, and batteries used in online scam and gambling processes.

At the same time, security forces took security measures at the site, southeast of Mongyai Township but faced firing of five armed insurgents who protected the online gambling and scams. So, the security forces counterattacked them. In the incidents, some casualties happened. In this regard, seven Chinese males and one female, eight Myanmar males and four females were arrested with six arms. The area was combed in detail on 6 February. At that time, three more Chinese males and one female who hide themselves in two places, southwest of Mongkaung were arrested. Moreover, the security forces searched the southwest of Mongkaung and arrested 18 Vietnamese females, two Myanmar males and 25 females, totalling 45 were arrested with 72 computers, five Star Link internet devices, 79 assorted mobile phones, five gaming machines and two vehicles. Those arrestees will be under necessary investigation and more process will be conducted under the work procedures.

Regarding online gambling and scamming, the Myanmar government issued a transparent press release on 20 January about the ongoing crackdown on online gambling operations in border areas. The SAC Chairman Prime Minister instructed the government organizations during a government meeting, emphasizing that online scams and gambling are not only crimes against Myanmar citizens but also crimes against humanity. The Myanmar government stated that it will take decisive action against these crimes in collaboration with international organizations.

For one more issue, he explained that after issuing the People's Military Service Rules, malicious media and terrorist instigators are working to mislead and intimidate the public. Arrangements have already been made to allow extensive reading and study of the People's Military Service Law. It can be accessed on the websites and web portals of the Ministry of Defence, the Ministry of Legal Affairs, the Ministry of Information, Myawady web portal, and the Myanmar National Portal. Moreover, the Central Committee for Summoning People's Military Service has announced that inquiries related to conscription, as well as complaints about misconduct, can be made through official channels. However, it also warns that false reports or misinformation will be investigated, and appropriate action will be taken in accordance with existing laws.

Furthermore, it has already been updated to display the listed phone numbers in that location. Regarding this, reports have been made from this area, leading to investigations and action being taken against misconduct. In addition, both the People's Military Service Law and Rules specify the required ages for men and women. Based on this, there have been findings of threats directed at women. What I want to make clear is that although the People's Military Service Law and Rules technically include provisions for women to serve, there is currently no plan to conscript female people's military personnel.

100

*From Page 12*

Officials also renovated and preserved them throughout the successive eras.

The Senior General and party inspected the moat and wall of ancient Inwa and spoke of the need to continuously protect and preserve the ancient town and walls and restore the moat.

They then inspected the Maha Zeyapahta-MaungO bridge and road on the TadaU-Inwa road section. In response to the reports of officials, instructions were given to conduct research on the pros and cons of restoring the bridge according to the original design and the original brick road. After looking into the requirements, they observed the road in a motorcade.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Press Release

## Myanmar Delegation attends the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (HLTF-ACV) 3 - 5 February 2025, Philippines, Manila




Myanmar Delegation attends the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (HLTF-ACV).

The Myanmar Delegation led by Dr. Wah Wah Maung, Eminent Person (EP) of Myanmar for the High-Level Task Force on ASEAN Community Vision 2045 and Deputy Minister of the Ministry of Investment and Foreign Economic Relations of the Republic of the Union Myanmar attended the 21st Meeting of High-Level Task Force on ASEAN Community Vision 2045 (21st HLTF-ACV) which was held in Manila, Philippines on 3 – 5 February 2025, accompanied by officials from the ASEAN Affairs Department, Ministry of Foreign Affairs. Drafting sessions of the High-Level Representatives were also held on the sideline of the 21st Meeting of HLTF-ACV and concluded the final reading with 100 percentage of completion of the draft ASEAN Political and Security Community (APSC) Strategic Plan.

The 21st HLTF-ACV Meeting was co-chaired by Eminent Persons (EP) of Malaysia and Philippines as the permanent shepherd Member State, and attended by Eminent Persons, High Level Representatives and officials from ASEAN Member States, representatives from Timor-Leste as well as ASEAN Secretary-General and officials from the ASEAN Secretariat.

At the Meeting, the HLTF-ACV had an Interface Meeting with the Chair of the High-Level Task Force on ASEAN Economic Integration (HLTF-EI), Co-Chairs of the Ad Hoc Working Group on Development of ASCC Post-2025 Strategic Plan and Chair of the ASEAN Connectivity Coordinating Committee (ACCC), Senior Officials Responsible for Information (SOMRI), and the respective pillars have updated their progress in developing their respective ASEAN Community Vision 2045 strategic plans. The Meeting exchanged views on the development of the respective strategic plans and effective implementation.

During the Meeting, the Draft Kuala Lumpur Declaration on ASEAN Community Vision 2045, set to be adopted at the 46th ASEAN Summit in Malaysia in 2025. The Meeting also deliberated on the Draft APSC Strategic Plan of ASEAN Community Vision 2045, Institutional Strengthening related Strategic Measures, Cross-pillar Strategic Measures, and the Monitoring and Evaluation mechanism for the implementation of Strategic Plans as well as the development of Strategic Plans by the respective pillars.

The upcoming 22nd HLTF-ACV Meeting scheduled to be held in March 2025 in Penang, Malaysia, will delve into further discussions on the Strategic Plans of the ASEAN Community Pillars. In addition, the Meeting will address key issues such as ensuring harmonization among strategic measures of the respective pillars, avoiding duplication, identification of lead sectoral bodies and pillars to take ownership for the implementation of strategic measures, strengthening linkages and coordination among sectoral bodies as well as Monitoring and Evaluation mechanisms of the Strategic Plans. The Meeting will also emphasize on the timely conclusion of the Strategic Plans for their adoption at the 46th ASEAN Summit in May 2025 in Malaysia.

**Ministry of Foreign Affairs**
**Dated, 7 February 2025**

# Kawlin District cultivates over 3,000 acres of summer paddy

**Kawlin February 7**

A total of 3,760 acres of paddy have been planted during this year's summer crops planting season in Kawlin District, Sagaing Region, according to the statistics of the Department of Agriculture for Kawlin District.

In the 2024-2025 summer crops planting season, Kawlin District has planned to plant 6,300 acres of paddy, and planting has started since January this year. To date, 3,474 acres have been planted in Kawlin Township and 286 acres in Wuntho Township, totaling 3,760 acres.

"We are working to ensure that the target acres are met. We provide the farmers with agricultural technology, education on pest prevention. We ensure that crops are not damaged, and the harvested paddy arrives under shelter on time," said U Win Thein, head of the Department of Agriculture for Kawlin District.

In Kawlin District, farmers growing summer paddy are being provided with good and clean seeds, technical brochures, farmer education courses and seminars to improve per-acre yield and achieve target yields.

206

# U.S. cannot withdraw from a body it no longer belongs: UNHRC

**Geneva February 7**

The United Nations Human Rights Council (UNHRC) stated on Thursday that as of Jan. 1, 2025, the United States' term as a member had ended, making it ineligible to withdraw from an intergovernmental body it was no longer part of.

"For the record, the United States was a member of the Human Rights Council from Jan. 1, 2022, to Dec. 31, 2024. Since Jan. 1, 2025, the United States is no longer a member of the Human Rights Council and automatically became an observer state, like any of the 193 UN member states that are not Council members. An observer state of the Council cannot withdraw from an intergovernmental body it is no longer a part of," Pascal Sim, spokesperson for the UNHRC, said in a statement sent to Xinhua

"As a matter of principle, and in the spirit of multilateral dialogue that characterizes the Council, we welcome and encourage the engagement of every UN Member State - whether as a Council member or an observer - in the work of the Council and its mechanisms," the statement added.

U.S. President Donald Trump on Tuesday signed an executive order, withdrawing the United States from the UNHRC.

Xinhua

# South Africa to deepen reforms to drive inclusive growth: president

**Cape Town February 7**

South African President Cyril Ramaphosa said on Thursday that his government will initiate a fresh wave of reforms to drive inclusive economic growth that benefits all citizens.

Ramaphosa made the remarks when delivering the State of the Nation Address (SONA), under the theme "A nation that works, for all," on Thursday evening at the Cape Town City Hall before a joint sitting of both houses of parliament. This marked the first SONA under the Government of National Unity (GNU) formed after the outcomes of the country's 2024 elections.

In the address, the president outlined the task of the government in implementing the three strategic priorities of the Medium-Term Development Plan: driving inclusive growth and job creation, reducing poverty and tackling the high cost of living, and building a capable, ethical and developmental state. According to him, the Medium-Term Development Plan was adopted recently by the GNU, which sets out a clear and ambitious program for the next five years.

Xinhua

# Operators of Illegal online gambling and scams (Kyar Phyant) in Mongha area in Mongyai Township, Shan State (North) detained, to be handed over to relevant countries after launching necessary investigations

**Nay Pyi Taw February 7**

The government has been actively exposing and taking action against crimes of illegal online gambling and scam operations (Kyar Phyant) in cooperation with the international community. Moreover, authorities at different levels in regions and states are also exposing and taking action against crimes including online gambling and scams (Kyar Phyant) resolutely so that their regions and states are free from such crimes while combined teams including personnel of security forces are launching investigations strictly.

In doing so, security forces, acting on a tip that illegal online gambling and scam (Kyar Phyant) centres were being operated in Mongyai Township, Shan State (North), raided the township and exchange fire with teams of guards for Kyar Phyant operations in surrounding areas to the southeast of the township on 5 February. During the fighting security forces seized two bodies of guards for Kyar Phyant and six assorted weapons and detained seven Chinese men and one Chinese woman, three Myanmar men and four Myanmar women.

Furthermore, seven buildings used for Kyar Phyant operations near Naunghan Village, 181 assorted phones, 25 assorted laptops, 21 assorted deskops, 28 assorted keyboards, two Wifi routers, two sects of StarLink, electric equipment used for Kyar Phyant operations and one gun and five rounds of bullet were also seized.

Moreover, eight Chinese men, one Chinese woman, 18 Vietnamese women, two Myanmar men, 25 Myanmar women were detained and 72 computers, five StarLink sets, 79 assorted phones, five fish game machines and two vehicles used for Kyar Phyant operations in Mongha area near Naunghan Village on 6 February. On 7 February, 12 Chinese men were detained and one Alphard and one generator were seized near the village.

During the raids in Mongha area in Mongyai Township from 5 to 7 February, a total of 81 suspects including 27 Chinese men, two Chinese women, totalling 27 suspects, 18 Vietnamese women and five Myanmar men and and 29 Myanmar women, totalling 34 suspects, were detained.

Detainees in the cases are beingsystematically investigateed and measures will be taken to charge them in accordance with the law and to hand over foreigners to relevant countries on humanitarian grounds and friendship among countries.

The government has been investigatingm exposing and taking effective action against illegal online scams and plans are underway to prevent and combat online gambling and scams in border areas of the country in cooperation with internationl community including neighbouring countries and to continue to expose and take action against such crimes. 100



Illegal online gambling and financial fraud (Kyar Phyant) operation: Members arrested and items seized.



7 Chinese male nationals and 1 female national.



Arrested individuals (2 males, 25 females) totaling 27 people.



3 Myanmar male nationals and 4 female nationals.



Photo documenting buildings used for illegal online gambling and financial fraud (Kyar Phyant) operations.





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာလောကသင်းကျစ်စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေ့ဖုံးမှအဆက်

ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လောကသရဖူဘုရားကြီးနှင့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီး၏အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက် ပြန်လည်မွမ်းမံသွားရန်လိုကြောင်း၊ ဘုရားကြီးရင်ပြင်တော်မျက်နှာပြင် ညီညာမှုရှိစေရေးနှင့် ရေဝင်ရေထွက်ကောင်းမွန်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျပြန်လည်သုတေသနပြု၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းသာသနိက



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာလောကသင်းကျစ်စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတား၊ အုတ်လမ်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

အဆောက်အအုံများကိုလည်း စနစ်တကျဖြင့်ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်လည်ရှိ ဆွမ်းလောင်းစောင်းတန်းများကိုလည်း မူလလက်ရာမပျက်ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံခြင်းများဆောင်ရွက် သွားရန်လိုပြီး ရှေးဟောင်းလက်ရာနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများအား နေ့ညမပျက် ဆီမီးပူဇော်နိုင်ရေးအတွက်လည်း ဆိုလာလျှပ်စစ်မီးဆက်ကပ်ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

အဆိုပါ လောကသရဖူဘုရားကြီးအား ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက်ကိုးဆက်မြောက်ဖြစ်သော ဆင်ဖြူရှင်တနင်္ဂနွေမင်းကြီးက အေဒီ ၁၇၃၀၊ သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် စတင်တည်ထားပြီး မပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော် မဟာဓမ္မရာဇာဓိပတိ ကြာသပတေးမင်း ဟံသာဝတီရောက်မင်းက အေဒီ ၁၇၃၃၊ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ဆက်လက်ထုလုပ်ခဲ့ကာ အုတ်ပြာသာဒ်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်သော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဥဏှိသ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊တင်ပျဉ်ခွေတော်အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ပြီး အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း၊ လောကသရဖူ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင် မဟာလောကသင်းကျစ်ဟူ၍ စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ကုန်းဘောင်မင်းဆက်ဖြစ်သော စဉ့်ကူးမင်းက စေတီတော်ကိုငုံ၍ ထပ်မံတည်ဆောက်ပူဇော်ခဲ့ပြီး ဘိုးတော်ဘုရား၏ သားတော် ပခန်းမင်းသား ဟံသာဝတီမင်းနှင့် ပုဂံမင်းတို့ကလည်းပြုပြင်ခဲ့ကြကြောင်း၊သက္ကရာဇ် ၁၂၀၀ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်ခဲ့သဖြင့် မဟာလောကသင်းကျစ်စေတီတော်နှင့် လောကသရဖူရုပ်ပွားတော်ကြီးစံပယ်ရာ အုတ်ပြာသာဒ်တော်တို့ မြေခခဲ့ရပြီး မင်းတုန်းမင်းက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအတိုင်း ဖူးတွေ့ရသည်မှာ စစ်ကိုင်းတောင်ရိုး ဒီပါအေးမြချောင် ဆရာတော်ဦးနန္ဒသီရိက သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခေတ်အဆက်ဆက်တာဝန်ရှိသူများက ဆက်လက်မွမ်းမံပြုပြင်ထိန်းသိမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာလောကသင်းကျစ်စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့ကိုကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရေးနှင့် ကျုံးအားရှေးမူမပျက်မွမ်းမံ၍ပြန်လည်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားကို ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင် ထိန်းသိမ်းမွမ်းမံနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုး-အပြစ်များအား စနစ်တကျသုတေသနပြုလုပ်၍ တင်ပြသွားရန်၊ မူလအုတ်လမ်းအား သုတေသနပြုလုပ်ရန်နှင့်အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့်ကျုံးတို့အား ကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့်မြို့ရိုးတို့အား စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရေးနှင့် ကျုံးအား ရှေးမူမပျက်မွမ်းမံ၍ ပြန်လည်ထိန်းသိမ်းရန်လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တံတားဦး-အင်းဝလမ်းပိုင်းရှိ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

# ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်



# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် နေပြည်တော်ဗုဒ္ဓဂယာသို့ရောက်ရှိကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံများပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ ငြိမ်းချမ်းရေးခေါင်းလောင်းတော်ကို တီးခတ်ပူဇော်ကြသည်။

ထို့နောက် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်အတွင်း လှည့်လည်ဖူးမြော်ကြပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် နေပြည်တော်ရေပန်းဥယျာဉ်သို့ ရောက်ရှိလေ့လာကြပြီး ရေပန်း၊ သုံးထပ်ရေတံခွန်နှင့် Fountain Park တို့တွင် အမှတ်တရအလှဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် Junction Centre၊ ကျောက်မျက်ရတနာပြတိုက်၊ နက္ခတ်တာရာပြခန်း၊ ဥပ္ပါတသန္တိစေတီတော်နှင့် လွှတ်တော်အဆောက်အအုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ရှမ်းပြည်နယ်နေ့မှအဆက်**

ထို့နောက် ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများကို ဂုဏ်ထူးဆောင်ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်) ရရှိသူ ၄၄ ဦးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆုရရှိသူ ၁၂ ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆိုလာနှင့် အခြေခံစားသောက်ကုန်စုစုပေါင်း တန်ဖိုးငွေကျပ် ၅၃ သန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယဆင့်)၊ မွေးမြူရေးထူးချွန်ဆု (ပထမဆင့်၊ တတိယဆင့်)နှင့် လူမှုထူးချွန် (ပထမဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လူမှုထူးချွန် (ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်) ဆုရရှိသူများကိုလည်းကောင်း၊ အားကစားထူးချွန်ဆု(တတိယဆင့်)ရရှိသူများ၊ တာဝန်ထမ်းဆောင်ရာတွင် ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် ဌာန၊ အဖွဲ့အစည်းများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်တွင်းရှိ စက်ရုံများ၏ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှ တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်မှုနှင့်အခြားဒုစရိုက်လုပ်ငန်းများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ မေးမြန်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ အခြားဒုစရိုက်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေနဲ့ နှိမ်နင်းနေတဲ့အခြေအနေနှင့် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ပတ်သက်ပြီး မေးမြန်းထားတာတွေကို ပြန်လည်ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရားမဝင်အွန်လိုင်းလောင်းကစား ငွေကြေးလိမ်လည်မှု ကျားဖြန့်နဲ့ အခြားဒုစရိုက်လုပ်ငန်းများကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် နှိမ်နင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဖေဖော်ဝါရီ ၃ ရက် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများကို တရားမဝင်အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှု ကျားဖြန့်ကို အကြောင်းပြုပြီး နိုင်ငံတော်မှာ အခက်အခဲတွေဖြစ်ပေါ်နေတဲ့အတွက် ထိထိရောက်ရောက်အရေးယူမှုတွေဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အဲဒီဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။ တရားမဝင်အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှုလုပ်ငန်းတွေ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ်အရေးယူခြင်းတွေကို တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ၎င်းပြင် မူးယစ်ဆေးဝါးကိစ္စတွေ၊ အခြားဒုစရိုက်မှုတွေပါ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူတွေပတ်သက်နေလို့ရှိရင် အားလုံးကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အားလုံးက အလေးထားလိုက်နာဆောင်ရွက်သွားကြဖို့ လေးနက်စွာပြောကြားခဲ့ပါတယ်။ အွန်လိုင်းလောင်းကစားမှုတွေနဲ့ပတ်သက်ပြီး နှိမ်နင်းရေးများဆောင်ရွက်ရာမှာ ထိုင်း-မြန်မာနယ်စပ်ဒေသဖြစ်တဲ့ မြဝတီမြို့အနီး ရွှေကုက္ကိုနဲ့ KK Park နယ်မြေအတွင်းမှာလည်း အွန်လိုင်းလိမ်လည်မှု အွန်လိုင်းလောင်းကစားမှုတွေကျူးလွန်ဖို့ အဓမ္မလူကုန်ကူးခြင်းခံရတဲ့တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦး၊ ပါကစ္စတန်နိုင်ငံသားတစ်ဦး၊မလေးရှားနိုင်ငံသားတစ်ဦး၊အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦးတို့ကို ဖော်ထုတ်ရရှိပြီး ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှာ မြန်မာနိုင်ငံတော်အစိုးရ တာဝန်ရှိတဲ့သူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊လူဝင်မှုကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများက ထိုင်းနိုင်ငံဘက်က တာဝန်ရှိသူများကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၎င်းတို့ကို စစ်ဆေးမေးမြန်းချက်များအရ သူတို့သည် ကွန်ပျူတာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ဘာသာပြန်လုပ်ငန်းတွေမှာ လစာတွေအများအပြားလုပ်ကိုင်ရမည်ဟု အွန်လိုင်းကနေတစ်ဆင့် သွေးဆောင်စည်းရုံးခြင်း၊ မက်လုံးပေးသိမ်းသွင်းခြင်း၊ လိမ်လည်ခြင်းခံခဲ့ရကြောင်း သိရပါတယ်။ သူတို့က သက်ဆိုင်ရာနိုင်ငံအသီးသီးကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်မြို့ကို ကနဦးရောက်ရှိလာပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းက ကိုယ်စားလှယ်တွေက ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ သောင်ရင်းမြစ်ကို တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ပြီး မြဝတီရွှေကုက္ကိုနဲ့ KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေမှာ ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။




အလားတူ ရှမ်းပြည်နယ်အရှေ့မြောက် အရှေ့ဘက်မှာလည်း အွန်လိုင်းလိမ်လည်မှု ကျားဖြန့်နဲ့ ပတ်သက်တဲ့ အခြားဒုစရိုက်မှုများနဲ့ပတ်သက်တဲ့ ဒုစရိုက်မှုတွေကို နိုင်ငံတော်အစိုးရအနေနဲ့ စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ဖေဖော်ဝါရီ ၅ ရက်မှာ ရှမ်းပြည်နယ် မိုင်းရယ်မြို့ မိုင်းဟဒေသအတွင်းမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတဲ့သတင်းအရ လုံခြုံရေးတပ်ဖွဲ့များဟာ သွားရောက်ပြီး နယ်မြေစစ်ဆေးမှုတွေဆောင်ရွက်ခဲ့ပါတယ်။ မိုင်းရယ်မြို့နယ် မိုင်းဟဒေသ နောင်ဟန်ရွာအနီးမှာ ကျားဖြန့်လုပ်ငန်းများ ဆောင်ရွက်နေတဲ့အဆောက်အအုံခုနစ်လုံးကို တွေ့ရှိတဲ့အတွက် ဝင်ရောက်ပြီးရှင်းလင်းခဲ့ရာမှာ လက်နက်များ၊ ခဲယမ်းများနဲ့အတူ ကျားဖြန့်လုပ်ငန်းများ လုပ်ကိုင်ရာမှာ အသုံးပြုတဲ့ ဖုန်း ၁၈၁ လုံး၊ လက်တော့ ၂၅ လုံး၊ Desktop ၂၁ လုံး၊ ကီးဘုတ် ၂၈ ခုနဲ့ ဝိုင်ဖိုင်စက် နှစ်လုံး၊ စတားလင့်အင်တာနက်ဆက်သွယ်ရေးစက် နှစ်စုံနဲ့ ဆိုလာများ၊ ဘက်ထရီများ ဖမ်းဆီးရမိခဲ့ပါတယ်။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ မိုင်းရယ်မြို့ အရှေ့တောင်ဘက်သတင်းရတဲ့နေရာကို သွားရောက်ရှင်းလင်းတဲ့အခါမှာ ကျားဖြန့်လုပ်ငန်းကို အကာကွယ်ပေးနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူ ငါးဦးရဲ့ ပစ်ခတ်တာခံခဲ့ရပါတယ်။ မိမိဘက်ကလည်း ပြန်လည် ပစ်ခတ်ခဲ့ပါတယ်။ သေဆုံးဒဏ်ရာရရှိမှုအနည်းငယ်ရှိခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်နိုင်ငံသားကျား ခုနစ်ဦး၊မတစ်ဦး၊မြန်မာနိုင်ငံသားကျား ရှစ်ဦး၊ မလေးဦးတို့ကို လက်နက်ခြောက်လက်နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။၎င်းနယ်မြေကို ဖေဖော်ဝါရီ ၆ ရက်မှာ အသေးစိတ်စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာ မိုင်းကောင်ရဲ့ အနောက်တောင်ဘက်နေရာ နှစ်နေရာကနေ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရုတ်နိုင်ငံသားကျားသုံးဦး၊ မ တစ်ဦး ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့ပြင် မိုင်းကောင်ရဲ့ အနောက်တောင်ဘက်ကို ထပ်မံရှာဖွေတဲ့နေရာမှာ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဗီယက်နမ်နိုင်ငံသား မ ၁၈ ဦး၊ မြန်မာနိုင်ငံသား ကျား နှစ်ဦး၊ မ ၂၅ ဦးနဲ့ စုစုပေါင်း ၄၅ ဦးတို့ကို ကွန်ပျူတာ ၇၂ လုံး၊ Star Link အင်တာနက်စက် ငါးလုံး၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊ မော်တော်ယာဉ် နှစ်စီးတို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူများကို လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီ Online လောင်းကစားမှု၊ ငွေကြေးလိမ်လည်မှုတွေနဲ့ပတ်သက်ပြီး နယ်စပ်ဒေသများမှာဖြစ်ပေါ်နေတဲ့ တရားမဝင် Online လောင်းကစားမှုများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနဲ့ စပ်လျဉ်းပြီးလည်း မြန်မာနိုင်ငံအစိုးရအနေနဲ့ ဇန်နဝါရီ ၂၀ ရက်မှာ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစိုးရအဖွဲ့အစည်းအဝေးမှာ ညွှန်ကြားခဲ့သလို မြန်မာနိုင်ငံအစိုးရအနေနဲ့ Online လိမ်လည်မှု၊ လောင်းကစားမှုများဟာ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမကဘဲနဲ့ လူသားအားလုံးအပေါ်မှာ လိမ်လည်ပြစ်မှုကျူးလွန်ခြင်း၊အခြားဆက်စပ်ပြစ်မှုကျူးလွန်ခြင်းများဖြစ်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေထွက်ပေါ်လာပြီးနောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာများ၊အကြမ်းဖက်လှုံ့ဆော်သူများအနေနဲ့ ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင်၊ကြောက်လန့်အောင် လုပ်ဆောင်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်စေရေးဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ Website၊ Web-portal၊ ဥပဒေရေးရာဝန်ကြီးဌာနရဲ့ Website၊ Webportal နဲ့ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Website၊ Webportal၊ မြဝတီ Webportal၊ Myanmar National portalတို့မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ဒါ့ပြင် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စတွေနဲ့စပ်လျဉ်းပြီး စုံစမ်းမေးမြန်းတာတွေ မသမာမှုများနဲ့ပတ်သက်ပြီး တိုင်ကြားခြင်းတွေကို တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားတာကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနေရာမှာလည်း Update ပြုလုပ်ပေးထားတဲ့ ဖုန်းနံပါတ်များကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာကနေ သတင်းပေးတိုင်ကြားခဲ့လို့လည်း မသမာမှုများနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းခြင်း၊ အရေးယူခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော နည်းဥပဒေမှာရော အမျိုးသမီးအသက် ဘယ်လောက်၊ အမျိုးသားအသက် ဘယ်လောက်ဆိုတာ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါကိုမှတည်ပြီးတော့ အမျိုးသမီးများကို ခြိမ်းခြောက်နေတာမျိုးတွေရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အတိအလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေမှာ အမျိုးသမီးများ စစ်မှုထမ်းရန်အတွက် အကျုံးဝင်သော်လည်း အမျိုးသမီးပြည်သူ့စစ်မှုထမ်းများကို ဆင့်ခေါ်ရန်အစီအစဉ်မရှိသေးကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ

(၇-၂-၂၀၂၅)

| | | | |
|---|---|---|---|
| ဟားခါး | သုည ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

❑ တိုက်ရိုက်ထုတ်လွှင့်မည်မှ

Mahar Youtube Channel၊ Htv Facebook နှင့် Hey Play Facebook Page အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထိုသို့ MRTV HD Channel မှ Live ထုတ်လွှင့်မှုကြောင့် ပုံမှန်သတင်းချိန်များဖြစ်သော ညနေ ၄ နာရီ၊ ည ၆ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်လျက်ရှိသည့် သတင်းများကို MRTV News Channel မှ ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရသည်။(သတင်းစဉ်)

# ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီး Dr. Bour Kry ဦးဆောင်သည့်အဖွဲ့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကြည့်ရှုလေ့လာ



ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ၌ ဘုရားဖူးခရီးစဉ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး ဓမ္မယုတ္တိကနိကာယဂိုဏ်းမှ သံဃရာဇာ His Holiness Samdech Preah Abhisiri Sugandha Mohasang–harajah Dhipati Dr. Bour Kry ဦးဆောင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တက္ကသိုလ်ဗဟိုဆောင်ရှိ ပုဂံဧည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော ဗုဒ္ဓဓမ္မသင်တန်းများသို့တက်ရောက်ရန် သင်တန်းသားပိုမိုလက်ခံနိုင်ရေးကိစ္စရပ်များ အပါအဝင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးနှင့် ပါမောက္ခချုပ်ဆရာတော်တို့သည် ဓမ္မလက်ဆောင်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးသည် တက္ကသိုလ်စာသင်ခန်းမများ၌ ပြည်တွင်း၊ ပြည်ပသင်တန်းသားများအား ထေရဝါဒဗုဒ္ဓဓမ္မသင်တန်းများ သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျိုင်းတုံမြို့ မိုင်းဇင်းကျေးရွာအုပ်စု ပင်းဆိုင်း 'ဝ'ကျေးရွာ၌ ၄၉ ကြိမ်မြောက် 'ဝ'တိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

ရှမ်းပြည်နယ်( အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုင်းဇင်းကျေးရွာအုပ်စု ပင်းဆိုင်း 'ဝ'ကျေးရွာတွင် ၄၉ ကြိမ်မြောက် 'ဝ'တိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ယနေ့နေ့လယ်ပိုင်းတွင် ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ 'ဝ'တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ 'ဝ'တိုင်းရင်းသားလူငယ်မောင်မယ်များက 'ဝ'တေးသီချင်းများသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက နှစ်သစ်ကူး နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းမှူးက နှစ်သစ်ကူးအမှတ်တရလက်ဆောင်များပေးအပ်ရာ 'ဝ'စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

၎င်းနောက် 'ဝ'အမျိုးသားပါတီဒုတိယဥက္ကဋ္ဌ ဒေါက်တာဆမ်းမားကို့စ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး 'ဝ'စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။ ယင်းနောက်'ဝ'တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် 'ဝ'စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌထံ နှစ်သစ်ကူးအမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ထမနဲထိုးပြိုင်ပွဲပြုလုပ်စဉ်။

ထိုသို့ ထမနဲထိုးပြိုင်ပွဲများကို ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ထမနဲထိုးပြိုင်ပွဲပြုလုပ်စဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်–၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)၊ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးလိုက်သည်။

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန
(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန
(https://www.moi.gov.mm)

၄။ Myawady Webportal
(https://myawady.net.mm)

၅။ Myanmar National Portal
(https://myanmar.gov.mm)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ကို သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတား(သီလဝါ) သို့ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်သော ပုလောမြို့နယ် မလိကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကျွန်းစုမြို့နယ် ကျွန်းစုမြို့ပတ်ဝန်းကျင်ကျေးရွာများ၊ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက် ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် ချောင်းဝကျေးရွာ အနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၃၂ ဦး၊ ခွဲစိတ်ရောဂါ ၄၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉၉ ဦး၊ ကလေးရောဂါ ၅၂၈ ဦး၊ အရိုးရောဂါ ၈၉၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၃၆၀၊ မျက်စိရောဂါ ၁၄၀၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၀၃ ဦး စုစုပေါင်းဒေသခံပြည်သူ ၆၅၅၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၅၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ဦးရေ ၄၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၇၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ၉၃ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်မှူးချုပ်သိန်းထူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၈ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝစ)




တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိ လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်


**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေး လိမ်လည်မှု(ကျားဖြန့်)လုပ်ငန်း လုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်း ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာဖော် ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ် လည်မှု(ကျားဖြန့်)လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊အရေးယူဆောင်ရွက်ခြင်း များကို ပြတ်ပြတ်သားသားကိုင်တွယ် ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့်ပူးပေါင်းအဖွဲ့များက တင်းတင်း ကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက် ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ် မြို့နယ်အတွင်း တရားမဝင်အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများဆောင်ရွက်လျက် ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင် များက ဝင်ရောက်ရှင်းလင်းခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် မိုင်းရယ်မြို့၏ အရှေ့တောင် ဘက်ဝန်းကျင်တွင် ကျားဖြန့်လုံခြုံရေး အဖွဲ့များနှင့် အပြန်အလှန်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ဖြစ်စဉ်တွင် ကျားဖြန့်လုံခြုံ ရေးအဖွဲ့မှ အလောင်းနှစ်လောင်းနှင့်အတူ ကျားဖြန့်လုံခြုံရေး ငါးဦး၊ လက်နက်မျိုးစုံ ခြောက်လက်၊တရုတ်နိုင်ငံသားအမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံ သားအမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး တို့ကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၃ သို့


မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းလုပ်ဆောင်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။








တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့် လုံခြုံရေးအဖွဲ့များနှင့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အသုံးပြုသည့် အဆောက်အအုံများနှင့် ဖမ်းဆီးရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှအသုံးပြုသည့် အဆောက်အအုံများမှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ထို့ပြင် နောင်ဟန်ကျေးရွာအနီး၌ အဆောက်အအုံ ခုနစ်လုံးနှင့် ကျားဖြန့် လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့်ဖုန်းမျိုးစုံ ၁၈၁ လုံး၊ Laptop မျိုးစုံ ၂၅ လုံး၊ Destop မျိုးစုံ၂၁လုံး၊ Keyboard မျိုးစုံ ၂၈ခု၊ Wifi စက် နှစ်လုံး၊ StarLink နှစ်စုံ၊ လုပ်ငန်းသုံးလျှပ်စစ်ဆက်စပ်ပစ္စည်းများ၊ သေနတ် တစ်လက်နှင့် ကျည်ငါးတောင့်တို့ကိုထပ်မံဖမ်းဆီးရရှိခဲ့သည်။

၎င်းပြင် ဖေဖော်ဝါရီ ၆ ရက်တွင် အဆိုပါမိုင်းဟာဒေသ နောင်ဟန်ကျေးရွာတစ်ဝိုက်မှ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ဗီယက်နမ်နိုင်ငံသား



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များ မှတ်တမ်းဓာတ်ပုံ။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှအဖွဲ့ဝင်များ မှတ်တမ်းဓာတ်ပုံ။

အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး ၂၅ဦးတို့ကို တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၂ လုံး၊ StarLink ငါးစုံ၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊ မော်တော်ယာဉ် နှစ်စီးတို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ယနေ့တွင်လည်း နောင်ဟန်ကျေးရွာ အနီးတစ်ဝိုက်တွင်





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) လုပ်ငန်းမှ အဖွဲ့ဝင်များ မှတ်တမ်းဓာတ်ပုံ။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦး၊ Alphard မော်တော်ယာဉ် တစ်စီး၊မီးစက် တစ်လုံး ထပ်မံဖမ်းဆီးရရှိခဲ့သည်။

မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၂၉ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး ပေါင်း ၃၄ ဦး စုစုပေါင်း ၈၁ ဦး ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများကို စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး **စာမျက်နှာ ၂၄ သို့**



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ သိမ်းဆည်းရမိသည့် ငါးဂိမ်းစက်များ မှတ်တမ်းဓာတ်ပုံ။







တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်နှင့် မီးစက် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၃ မှအဆက်**

ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက်အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဉ၀၁)






တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ ဖမ်းဆီးရမိသည့်မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

# မြိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် ယာယီစစ်ဘေးရှောင်ထွက်ပြေးလာသည့် ဒေသခံသက်ကြီးပိုင်း အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား သုံးဦးကိုလည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် ယာယီစစ်ဘေးရှောင်ထွက်ပြေးလာသည့် ဒေသခံသက်ကြီးပိုင်း အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား သုံးဦးကိုလည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများခိုအောင်းနေထိုင်နေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ရာ အကြမ်းဖက်သမားများသည် ခေတ္တထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လုံခြုံရေးလုပ်ငန်းများလုပ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် အကြမ်းဖက်သမားများက ၎င်းကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်လာကာ ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊သတ်ဖြတ်ခြင်းများ လုပ်ဆောင်သွားကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်၊ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဉ၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၂၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၆၂ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာအနီး၌ မိုင်းခတ်မှ ကျိုင်းတုံဘက်သို့ စိုင်းလုံဝန်းမောင်းနှင်လာသည့် TOYOTA PRO-BOX မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်၏ကိုယ်ထည်အံဝှက်များအတွင်းမှ ကာလတန်ဖိုးငွေကျပ်သိန်း ၅၂၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၆၂ ကီလိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးကက်တမင်းများကို မိုင်းယန်းမြို့နယ် မိုင်းဖျန်မြို့မှ မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(ဉ၀၁)



ပြစ်မှုကျူးလွန်သူကို မော်တော်ယာဉ်၊ သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။


# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန်တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**



**လျှပ်စစ်မီတာခ သက်သာဖို့**

**LED ပစ္စည်း သုံးကြစို့။**

# အမေရိကန်နိုင်ငံ ဟန်တင်ဂန်မြို့တွင် ရေကြီးရေလျှံမှုကြောင့် ရေလွှမ်းနေသည့်လမ်းများကို အသုံးမပြုရန် ထုတ်ပြန်



**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် ဟန်တင်ဂန်မြို့တွင် ဖေဖော်ဝါရီ ၆ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး လမ်းမကြီးများ ရေလွှမ်းနေသဖြင့် ရေလွှမ်းနေသည့် လမ်းများကို အသုံးမပြုရန် အနောက်ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေလွှမ်းနေသည့်လမ်းများကို ဒေသခံများနှင့် ကယ်ဆယ်ရေးဝန်ထမ်းများပူးပေါင်းကာ ရှင်းလင်းရေးလုပ်ငန်းများကို ယနေ့တွင်စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် ဟန်တင်ဂန်မြို့ရှိ အန်စလိုပ်နယ်ခြံအနီးတွင် အဓိကဖြစ်ပေါ်နေခြင်းဖြစ်ပြီး လမ်းမထက် ရုတ်တရက် ရေလွှမ်းလာသည့်အတွက် အန်စလိုပ်နယ်ခြံအနီးရှိ အဆောင်မှ ကျောင်းသား၊ ကျောင်းသူများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ရေကြီးရေလျှံမှုသည် အခြေအနေတည်ငြိမ်သွားပြီဖြစ်၍ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော အဆောင်နေကျောင်းသား၊ ကျောင်းသူများ ယနေ့တွင် သက်ဆိုင်ရာအခန်းများသို့ ပြန်လည်နေထိုင်ခွင့်ပြုထားကြောင်း သိရသည်။

"မိုးရွာသွန်းပြီး ရုတ်တရက် ရေတက်လာတဲ့အတွက် ကျွန်မနဲ့ အခန်းဖော်တွေ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ လမ်းပေါ်မှာလဲ ရေတွေလွှမ်းနေတော့ သွားရေးလာရေးအတွက် တော်တော်လေး အခက်အခဲဖြစ်ခဲ့ရတယ်။ အခြေအနေတည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ကိုယ့်အခန်းကိုယ် ပြန်ခွင့်ရပါပြီ" ဟုဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ကျောင်းသူ တေလာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တူကီယဲနိုင်ငံတွင် အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း ကျွမ်းကျင်သူများသတိပေး

**အင်ကာရာ ဖေဖော်ဝါရီ ၇**

တူကီယဲနိုင်ငံတွင် လူထောင်ပေါင်းများစွာ၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်နိုင်ပြီး စီးပွားရေးအရ ဒေါ်လာ ဘီလီယံပေါင်းများစွာဆုံးရှုံးနိုင်သော အန္တရာယ်ရှိ အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်နိုင်ကြောင်း အစ္စတန်ဘူလ် နည်းပညာတက္ကသိုလ်မှ ငလျင်ဗေဒကျွမ်းကျင်သူ နာချီဂူရူက ဖေဖော်ဝါရီ ၆ ရက်တွင် သတိပေး ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

တူကီယဲနိုင်ငံ အနေဖြင့် အန္တရာယ်ရှိသော အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်နိုင်ပြီး အစ္စတန်ဘူလ်မြို့ တစ်မြို့တည်းတွင်ပင် အဆောက်အအုံပေါင်း သိန်းနှင့်ချီ၍ ပြိုကျနိုင်ကာ လူပေါင်းသိန်းနှင့်ချီ၍ သေဆုံးနိုင်ကြောင်း သိရသည်။

တူကီယဲအစိုးရ တာဝန်ရှိသူများအနေဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း နာချီဂူရူက သတင်းထောက်များနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။



တူကီယဲနိုင်ငံသည် ကမ္ဘာ့အတက်ကြွဆုံး ငလျင်ဇုန်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး လက်ရှိမူဝါဒများနှင့် မြို့ပြစီမံကိန်းအခြေခံ အဆောက်အအုံများသည် ကြီးမားသောငလျင်များ၏ လှုပ်ခတ်မှုဒဏ်ကို ခံနိုင်ရည်မရှိသေးကြောင်း၊ အန္တရာယ်မြင့်မားသော အဆောက်အအုံများကို အားဖြည့်ပြီး ပြီးပြည့်စုံသော အရေးပေါ်တုံ့ပြန်ရေးမဟာဗျူဟာကို အမြန်ဆုံးဖော်ဆောင်ရန် အစိုးရကို သိပ္ပံပညာရှင်များနှင့် မြို့ပြစီမံကိန်းရေးဆွဲသူများက တောင်းဆိုလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ကနေဒါနိုင်ငံ ဂျက်စဘာတောမီးဒဏ်သင့်ပြည်သူများအတွက် ဖက်ဒရယ်အစိုးရက ကန်ဒေါ်လာသန်း ၁၆၀ ပံ့ပိုးပေးရန် အတည်ပြုခဲ့

**အော့တဝါ ဖေဖော်ဝါရီ ၇**

ကနေဒါနိုင်ငံ အယ်ဘာတာပြည်နယ် ဂျက်စဘာမြို့တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ပြီး တောမီးဒဏ်သင့်ပြည်သူများအတွက် ကူညီပံ့ပိုးပေးရန် ဖေဖော်ဝါရီ ၆ ရက်က အစည်းအဝေးတစ်ရပ် ပြုလုပ်ကာ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း ဖက်ဒရယ်အစိုးရက အတည်ပြုသွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်နှင့်အခြေခံအဆောက်အအုံ ၃၅၈ လုံးထိ မီးလောင်ကျွမ်းပျက်စီးခဲ့ပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သော်လည်း ဒေသခံများအနေဖြင့် နေအိမ်များပြန်လည်တည်ဆောက်ရေးအတွက် အခက်အခဲများရှိနေကြောင်း၊ တောမီးဒဏ်သင့်ပြည်သူများကိုပံ့ပိုးပေးရန် အတည်ပြုထားသော အမေရိကန်ဒေါ်လာ သန်း ၁၆၀ မှ သန်း ၃၀ ကို နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူများအတွက် ယာယီနေအိမ်များ တည်ဆောက်ပေးရန် အသုံးပြုပေးမည်ဖြစ်ကြောင်း ဖက်ဒရယ်အစိုးရက ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ်အတွင်း တောမီးဒဏ်သင့်ခဲ့ရတဲ့ ဂျက်စဘာမြို့က ပြည်သူတွေအတွက် ယာယီနေအိမ်တွေ တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ယာယီနေအိမ်တည်ဆောက်ပေးရေးက ပြည်သူတွေရဲ့အခက်အခဲကို ဖြေရှင်းပေးနိုင်တဲ့ အကောင်းဆုံးနည်းလမ်းမဟုတ်ပေမဲ့လဲ ယာယီနေထိုင်နိုင်ဖို့အတွက်ပါ။ ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ရေရှည်စီမံကိန်းနဲ့ တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်" ဟု Prairies Economic Development Canada မှ ပြောရေးဆိုခွင့်ရှိသူ တယ်ရီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂရိနိုင်ငံ ဆန်တိုရီနီကျွန်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်

**အေသင် ဖေဖော်ဝါရီ ၇**

ဂရိနိုင်ငံ ဆန်တိုရီနီကျွန်းတွင် ဖေဖော်ဝါရီ ၂ ရက်နှင့် ဖေဖော်ဝါရီ ၄ ရက်တို့တွင် အသေးစား ငလျင်အကြိမ်ပေါင်း ရာနှင့်ချီ၍ လှုပ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် ဒေသခံဦးရေ ၁၀၀၀၀ ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း ဂရိအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် အသေးစားငလျင်များဖြစ်ပြီး ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ကြား အကြိမ်ရေ ၃၀၀ ကျော်ထိ လှုပ်ခတ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၄ ရက်ညပိုင်းတွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ငလျင်ပြင်းအားပမာဏ မြင့်တက်လာခြင်းကြောင့် အန္တရာယ်များလာ၍ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေဖြစ်သည့်အတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ ဆောင်ရွက်နေသကဲ့သို့ ကယ်ဆယ်ရေးဝန်ထမ်းအင်အားကိုလည်း တိုးမြှင့်ထားကြောင်း ဂရိအစိုးရက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ဆန်တိုရီနီကျွန်း ငလျင်လှုပ်ခတ်မှုကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ အရေးပေါ်အခြေအနေက ဖေဖော်ဝါရီ ၅ ရက်ကနေ မတ် ၃ ရက်ထိ အကျုံးဝင်မှာဖြစ်ပါတယ်။ ဒီကာလအတွင်း ဒေသခံတွေအနေနဲ့နေရပ်ကို လုံးဝမပြန်ကြဖို့ အသိပေးအပ်ပါတယ်"ဟု Climate Crisis and Civil Protection Ministry မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေး ဝန်ထမ်းများအပြင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ပူးပေါင်းစေကာ ဆန်တိုရီနီကျွန်းတွင် နေရာချပေးထားပြီး ဘေးလွတ်ရာရွှေ့ပြောင်းရန် သတ်မှတ်ထားသော ဧရိယာအတွင်း နေထိုင်သူများကိုလည်း အမြန်ဆုံးဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဂရိအစိုးရက သတိပေးချက်များကို နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ပေးလျက်ရှိသည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဒါယာမြစ်ရေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်မလုပ်ပါက တက်ကြွလှုပ်ရှားသူများက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သွားမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်အတွင်းရှိ ဒါယာမြစ်တွင် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါအခြေအနေကို အစိုးရက ထိန်းချုပ်ဆောင်ရွက်ရန် မလုပ်ဆောင်ပါက တက်ကြွလှုပ်ရှားသူများက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဩရိသပြည်နယ်ရှိ ဒါယာမြစ်တွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး ပူရီခရိုင် ကနက်စ်မြို့နယ်အတွင်းရှိ လူခြောက်ဦး ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပြီးနောက် အဆိုပါသေဆုံးမှုသည် ဒါယာမြစ်မှ ညစ်ညမ်းသောရေကို သောက်သုံးပြီးနောက် ဖြစ်ပွားခြင်းဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူများကစွပ်စွဲကာ အစိုးရအနေဖြင့် ထိန်းချုပ်ရန်မလုပ်ဆောင်ပါက ဆန္ဒထုတ်ဖော်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့သည်။

"ဒါယာမြစ် ရေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး အစိုးရက ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းတာမရှိသေးပါဘူး။ မြစ်ရေညစ်ညမ်းမှုကို ထိန်းချုပ်ဆောင်ရွက်ခြင်းမပြုရင်တော့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ အိမ်ရှေ့ထိသွားပြီး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော် တောင်းဆိုသွားမှာပါ"ဟု တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောကြားခဲ့သည်။

ကနက်စ်မြို့နယ်အတွင်း ဒါယာမြစ်အနီး နေထိုင်သူများသည် အဆိုပါမြစ်အတွင်းမှ ရေကိုသာ မှီခိုအသုံးပြုနေကြရသဖြင့် ရေထုညစ်ညမ်းမှု ဖြေရှင်းရေးအတွက် ရေအရင်းအမြစ်ဌာနသာမက မြစ်နှင့်ပတ်သက်သော ကျွမ်းကျင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများနှင့် ဒေသခံကော်မတီဝင်များ ပါဝင်ဆောင်ရွက်ရန် တက်ကြွလှုပ်ရှားသူများက တိုက်တွန်းထားသည်။

Ref : Russia Today

Trs : AZH

# နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်

ဇန်ညို

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖွင့်လှစ်သွားခဲ့ပြီဖြစ်ကြောင်း ကြားသိရပေသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကိုထမ်းဆောင်ကြမည့် အသစ်အသစ်သော ပြည်သူ့တပ်မတော်သားများအဖြစ် ချစ်သောအမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသည်နှင့်အညီ တာဝန်သိသိ သစ္စာရှိရှိဖြင့် တပ်မတော်သို့ဝင်ရောက်နေကြသည်မှာ အားရကျေနပ်စရာကောင်းလှပေသည်။ အားရစရာကောင်းသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်မည့် လူငယ်လူရွယ်များအနေဖြင့် စိတ်အားတက်ကြွစွာ နိုင်ငံတော်တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပြီး ဤသို့ နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့် ထမ်းဆောင်နေကြမှုကို ကြည်နူးရခြင်းဖြစ်မိသည်။ မည်သို့ပင်ဖြစ်ကာမူ ယခုလိုစဉ်ဆက်မပြတ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရမည်ကို နိုင်ငံသားများက သိတတ်နားလည်စွာဖြင့် အားတက်သရော စိတ်ရောကိုယ်ပါ ပါဝင်ထမ်းဆောင်နေမှုအပေါ် အားရကျေနပ်မိရသည်မှာ ပြောမပြနိုင်လောက်အောင်ပင်ဖြစ်ရပေသည်။

**အားရကျေနပ်**

နိုင်ငံတော်ကာကွယ်ရေးအတွက် အားရကျေနပ်ရသည့်အကြောင်းကိုပြောနေရင်းနှင့်ပင် ကိုယ့်နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် အားလျော့သွားချိန်ဖြစ်သည့် လွန်ခဲ့သည့် ၁၈ ရာစုနှစ်များဆီက အားမရမကျေနပ်နိုင်ခဲ့သည့်ဖြစ်ရပ်ကို သတိရမိပေသည်။ ဤနိုင်ငံ့လွတ်လပ်ရေးဆုံးရှုံးခဲ့သည့် ဖြစ်ရပ်က ကိုယ့်နိုင်ငံကို ကိုယ်ကကာကွယ်မစောင့်ရှောက်ပါက တိုင်းတစ်ပါးကျွန်ဘဝရောက်ကာ အောက်ကျနောက်ကျဖြစ်ရပြီး လူရာမဝင်ဖြစ်ရပုံကို မီးမောင်းထိုးပြထားပေသည်။ ကိုယ့်နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် နိုင်ငံသားများအနေဖြင့် အမှုမဲ့အမှတ်မဲ့ဖြင့် တာဝန်ပျက်ကွက်ရာမှ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ နိုင်ငံတော်ကာကွယ်ရေးသည် အုပ်ချုပ်သူမင်းနှင့် အမှုထမ်းများတွင်သာ တာဝန်ရှိသည်ဟုမှတ်ယူခဲ့ကြပြီး နိုင်ငံသူ၊ နိုင်ငံသားတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်မှုမရှိခဲ့၍ သူ့ကျွန်ဘဝတွင် ကျွန်သက်ရှည်ကာ နှစ်ပေါင်း ၁၀၀ ကျော်ကြာအောင် နာလန်မထူနိုင်ခဲ့ပေ။

**နိုင်ငံတော်ကာကွယ်ရေး တာဝန်**

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေသည်မှာ အမှန်ပင်ဖြစ်ကြောင်းကို ပြောစရာလိုအပ်မည်ဟု မထင်မှတ်မိပါ။ အဘယ်ကြောင့်ဆိုသော် သည်နိုင်ငံသားတွေက သည်နိုင်ငံအပေါ်တာဝန်ယူရမည်မှာ အမှန်ပင်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ သဘောပြောရလျှင် အိမ်တစ်အိမ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဤအိမ်ကိုကာကွယ်စောင့်ရှောက်ရန်မှာ ဤအိမ်သားများ၏ တာဝန်ပင်ဖြစ်ပေသည်။ ဤအိမ်သားများက ဤအိမ်ကိုမစောင့်ရှောက်ပါက မည်သူကလာ၍ ကာကွယ်စောင့်ရှောက်မည်နည်းဟုအမေးရှိပါက အဖြေကရှင်းပေသည်။ မည်သူကမှလာ၍ မကာကွယ် မစောင့်ရှောက်ကြပါ။ ကိုယ့်အားသာကိုယ်ကိုး၍ ကာကွယ်စောင့်ရှောက်ကြရပေမည်ဖြစ်သည်။ အထက်ကဆိုခဲ့သလို နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို နိုင်ငံသားများ ပျက်ကွက်လစ်ဟင်းလျစ်လျူရှုမှုကြောင့် ပြစ်ဒဏ်အဖြစ် တိုင်းတစ်ပါးကျွန်ဘဝရောက်ရှိခဲ့မှုသည် သာဓကဆိုးတစ်ရပ်အနေဖြင့် တည်ရှိခဲ့ပြီးဖြစ်သည်။

**သာဓကဆိုး**

ထီးကျိုး စည်ပေါက် ထီးနန်းပျောက်ခဲ့ရသည့်အဖြစ်ကြောင့် ကျွန်သဘောက်ဘဝသည် နှစ်ကာလရာကျော်ချီရှိခဲ့ရာ အမျိုးဘာသာသာသနာကို များစွာထိခိုက်ခဲ့ကြရသည်။ နိုင်ငံနှင့်ရင်းကာ ဆိုးမွေကို ခံစားခဲ့ကြရ၍ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်များ ထိခိုက်ကာ နိုင်ငံသူ၊ နိုင်ငံသားတို့မှာ လူညွန့်တုံးသလို ဖြစ်ခဲ့ရသည့်ဒဏ်သည် ယခုချိန်ကာလထိ စိတ်ဒဏ်ရာအဖြစ် ဖြစ်ပေါ်ခံစားထိရှနေဆဲပင်ဖြစ်သည်။ နိုင်ငံတော်အပေါ် ကာကွယ်စောင့်ရှောက်ရမည့်ဆိုသည့်တာဝန်၏ လေးနက်ကြီးမားမှုကို ထင်ထင်ရှားရှားမြင်လိုက်ရပေသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုသည် နိုင်ငံသားတိုင်း၏ တစ်ဦးချင်း တစ်ဦးချင်းစီတွင် တာဝန်ရှိနေပြီး ထိုတာဝန်ကို ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်းကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြထားသည်ကို တွေ့မြင်နေရပေသည်။ သို့ဆိုလျှင် သမိုင်းနှင့်ချီ၍ ပေးထားချက်ဖြစ်သည့် ထိုတာဝန်သည် အမျိုးသားရေးတာဝန်ပင်ဖြစ်ပေသည်ဟုဆိုရမည်။

> ❖ထိုအမျိုးသားရေးတာဝန်ကိုထမ်းဆောင်ရန် လူငယ်လူရွယ်များသည် ယခုအချိန်ကာလတွင် အခွင့်အခါတစ်ရပ်အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းချက်များအလိုက် ထမ်းဆောင်ခွင့်ရနေပြီဖြစ်သလို ထမ်းလည်းထမ်းဆောင်နေကြပြီဖြစ်သည်ကို အမျိုးဂုဏ်ဇာတိဂုဏ်၊ ဇာတိသွေးဇာတိမာန် တက်ကြွဖွယ်ရာတွေ့မြင်ရသည်မှာ အနာဂတ်နိုင်ငံတော်အတွက် အားရကျေနပ်နေမိသည်။ ဤကိစ္စသည် ပြီးလွယ်၊ ပျက်လွယ်ကိစ္စမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို မပြတ်သွေးနွေးနေရပေမည်။ ❖

**အမျိုးသားရေးတာဝန်**

ပြောရမည်ဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ အမျိုးသားရေးတာဝန်ဖြစ်ပြီး ထိုတာဝန်သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ပင်ဖြစ်သည်။ သို့ဖြစ်၍ ထိုအမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန် လူငယ်လူရွယ်များသည် ယခုအချိန်ကာလတွင် အခွင့်အခါတစ်ရပ်အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းချက်များအလိုက် ထမ်းဆောင်ခွင့်ရနေပြီဖြစ်သလို ထမ်းလည်းထမ်းဆောင်နေကြပြီဖြစ်သည်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဇာတိသွေး၊ ဇာတိမာန်တက်ကြွဖွယ်ရာတွေ့မြင်ရသည်မှာ အနာဂတ်နိုင်ငံတော်အတွက်အားရကျေနပ်မိပါသည်။ ဤကိစ္စသည် ပြီးလွယ်၊ ပျက်လွယ်ကိစ္စမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို မပြတ်သွေးနွေးနေရပေမည်။

**သွေးနွေးနေရမည်**

ဂီတပညာရှင်သည် သက်ဆိုင်ရာဂီတနှင့်ဝေးကွာနေလျှင် ဂီတစျာန်ပျက်သည်ဟုဆိုကြသည်။ ထိုအတူပင် မျိုးချစ်စိတ် နိုင်ငံချစ်စိတ်သည်လည်း သွေးနွေးနေကြရပေသည်။ သို့မဟုတ်ပါက သွေးအေးသွားတတ်ပြီး မီးဝေးချိပ်နှယ် အေးခဲသွားတတ်ပေသည်မှာ အမှန်ပင်ဖြစ်ပေသည်။ ချစ်သောအမိနိုင်ငံသည် နှစ်ပေါင်းထောင်ချီသည့်တိုင်အောင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းနှင့် နေထိုင်ရပ်တည်ခဲ့သည့် သမိုင်းအစဉ်အလာရှိသည့်နိုင်ငံ ဖြစ်သောကြောင့် ကိုယ့်ခေတ်ရောက်မှ မညံ့ကြရန်လိုပေသည်။ ထို့ကြောင့်ပင် တက်လူတို့အား သွေးနွေးနေကြရခြင်းဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာကို နိုင်ငံသားတိုင်းတတ်မြောက်ထားရန် လိုအပ်ပေသည်။ ထိုအတတ်ပညာသည် နိုင်ငံကိုအန္တရာယ်များမကျရောက်စေရန် ခုခံကာကွယ်ပြီး နိုင်ငံအားလုပတင့်တယ်စွာထားရှိရန် လိုအပ်သည့်ကာကွယ်မှုအနုပညာတစ်ရပ်ဟုဆိုရပေမည်။ ထိုအတတ်ပညာကို နိုင်ငံသားတိုင်းက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အရင်းခံဖြင့် ကိုယ်စီကိုယ်ငတတ်မြောက်ထားကြပါက ယခုလို ဖျက်လိုဖျက်ဆီးလုပ်ချင်သည့် အချို့အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များနှင့် PDF အကြမ်းဖက်များ၏ မြို့ဖျက်၊ ရွာဖျက်ခြင်းတို့ကို ပြည်သူ့အားဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

**မြို့ဖျက်ရွာဖျက်**

မြို့ဖျက်ရွာဖျက်ကိစ္စသည် ယခုမှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ လွတ်လပ်ရေးရစဉ်ကတည်းက တစ်ပါတည်းယှဉ်တွဲပါရှိလာသည့် ရောင်စုံသူပုန်သောင်းကျန်းသူတို့၏ ဆိုးမွေတစ်ခုပင်ဖြစ်သည်။ ယခုအခါတွင်လည်း အချို့အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များနှင့် PDFများ၏ မြို့ဖျက်၊ ရွာဖျက်ကိစ္စရပ်သည် နောင်တော်သူပုန်၊ သူကန်တို့၏ ရေးလမ်းရိုးလမ်းဟောင်းအတိုင်းပင် လိုက်ပါကျင့်ကြံနေကြခြင်းဖြစ်သည်။ သူပုန်တို့၏အလုပ်သည် ပြည်တည်ရန်မဟုတ်ဘဲ ပြည်ဖျက်ရန်အလုပ်ဖြစ်သောကြောင့် မည်သည့်ခေတ်၊ မည်သည့်ကာလကမှ နိုင်ငံနှင့်ပြည်သူကိုကောင်းကျိုးမပေးသည့်အဖျက်သမားများပီပီ ယခုလိုတိုင်းပြည်တည်ထောင်ရေးကာလများတွင် တောကြောင်များ လက်ခမောင်းထခတ်ခြင်းဖြစ်သည်။ ဤမြေမှာနေ ဤရေကိုသောက်သော ဤနိုင်ငံသားသူပုန်သူကန်တို့၏ အဖျက်လုပ်ရပ်များသည် ဤနိုင်ငံ ကို သစ္စာမစောင့်သိကြဘဲ နိုင်ငံသားအချင်းချင်းကို တိုက်ခိုက်၊ လုယက်သတ်ဖြတ်နေကြခြင်းသည် မည်မျှပင် ဤနိုင်ငံတော်၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် ငြိမ်းချမ်းရာငြိမ်းချမ်းကြောင်းကို ဖျက်လို၊ ဖျက်ဆီးပြုမူနေကြ သည်ကိုမူ ပြည်သူများ မျက်မြင်ကိုယ်တွေ့ပင်ဟုဆိုရပေမည်။

**ကာကွယ်မှုအတတ်ပညာ**

ဤနိုင်ငံတွင် မှီတင်းနေထိုင်သူများထဲတွင် နိုင်ငံ့သားကောင်းများရှိသလို၊ နိုင်ငံ့သားညစ်များလည်း ရှိပေရာ ထိုလူညစ်တို့သည် နိုင်ငံ၏ ရှေ့သို့ချီရာလမ်းတွင် ဘေးလွယ်အိတ်သဖွယ် တန်းလန်း တန်းလန်းနှင့် အလုပ်မဖြစ်အောင် မှီတွယ်ဒရွတ်ဆွဲလိုက်ပါလျက်ရှိသည်။ ထိုလူညစ်တို့သည် ၎င်းတို့ကို အားပေး အားမြှောက်ပြုနေသည့်နိုင်ငံများနှင့် အဖွဲ့အစည်းများအလိုကျ လိုက်ပါကပြအသုံးတော်ခံလျက်ရှိပေရာ ဘယ်သူသေသေငတေမာသည့်သူများဖြစ်ပြီး၊ ဘနဖူးသိုက်တူးမည့်သူများပီပီ ပြည်သူ့မျက်နှာကိုမျှ ထောက်ထားမှုမရှိဘဲ တစ်ပဲရရ၊ တစ်ပြားရရ ငွေမျက်နှာကြည့်သူ အာဏာရူးများဖြစ်ရာ နိုင်ငံမျက်နှာကို ပြန်လည်ကြည့်ရှုကြမည့်သူများမဟုတ်ကြသည့် ပြည်ဖျက်များဖြစ်ကြသည်။ ထိုပြည်ဖျက်များရန်ကို လက်စတုံး အမြစ်မှတွန်းလှန်ချေမှုန်းရန်အတွက် ပြည်သူများအနေဖြင့်လူရွယ် လူငယ်များမှအစ ပြည်သူတစ်ရပ်လုံး ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန်၊ ကိုယ့်မိသားစု၊ ကိုယ့်အိုးကိုယ့်အိမ်ကာကွယ်ရန်နှင့် ကိုယ့်မြို့ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကိုကာကွယ်ရန်အတွက် စစ်ပညာတတ်မြောက်ရန် လိုအပ်သည်ကို မြင်တွေ့နေရသည်။

**ပြည်သူ့စစ်မှုထမ်းဥပဒေ**

ထို့ကြောင့်ပင် ကာကွယ်ရေးအတတ်ပညာကို သင်ကြားတတ်မြောက် ကာကွယ်နိုင်ရန်အတွက် ယခုအခါတွင် ယခင်ကပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ အသက်ဝင်အာဏာတည်စေခဲ့ခြင်းဖြစ်သည်။ ဤဥပဒေကို အရေးပေါ်အသစ်ပြဋ္ဌာန်းလိုက်ခြင်းမဟုတ်ပဲ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၉ ခုနှစ်တွင် ဤပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ပြည်သူ့ စစ်မှုထမ်းဥပဒေ အာဏာတည်ရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းနေခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း ကျင့်သုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိနေရပေသည်။

**စိတ်တွေ အသွင်ပြောင်းဖို့လို**

ဤသို့ဆိုလျှင်ပင် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အုပ်ချုပ်သူအစိုးရ၏တာဝန်သာဖြစ်သည်၊ အစိုးရကခန့်အပ်ထားသည့် တပ်မတော်သား၊ ပြည်သူ့ရဲနှင့် အုပ်ချုပ်မှုဆိုင်ရာအရာထမ်း၊ အမှုထမ်းများစသည့်သူများတွင်သာ တာဝန်ရှိသည်ဟူသောအမြင်သည် အလုံးစုံမမှန်ကန်ပေ။ မိမိနိုင်ငံအတွက် နိုင်ငံသားတိုင်းအမျိုးသားရေးတာဝန်ရှိသည်ဟူသော အမြင်ရှိရမည်ဖြစ်သည်။ အိမ်တစ်အိမ်၏အရေးသည် ထိုအိမ်တွင်ရှိသည့် မိသားစုဝင်အားလုံးနှင့် သက်ဆိုင်သည်ဆိုလျှင် ဤနိုင်ငံ၏အရေးသည် ဤနိုင်ငံတွင် နေထိုင်သည့် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့်အရေးဆိုသည်မှာ လယ်ပြင်တွင်ဆင်သွားသကဲ့သို့ ထင်ထင်ရှားရှားမြင်နေရပေသည်။ ဤကဲ့သို့ နိုင်ငံ့အရေးသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော အရေးကိစ္စဖြစ်သောကြောင့် ဤအကြမ်းဖက်အဖျက်သမားများ၏ မြို့ဖျက်၊ ရွာဖျက်လုပ်ရပ်များကို ကာကွယ်ရေးအတတ်ပညာဖြင့် ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်တိုက်ဖျက်သွားကြရပေမည်။ လက်သည်းဆိတ် လက်ထိပ်နာဆိုသကဲ့သို့ သက်ဆိုင်သူမိမိဆွေမျိုးသားချင်းကိုထိပါးပါက မိမိကိုထိပါးသကဲ့သို့ခံစားရသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ထိုစကားအတိုင်းပင် မိမိ နိုင်ငံသားကိုထိပါးပါက မိမိကိုထိပါးသကဲ့သို့ မိမိနိုင်ငံကိုထိပါးပါက မိမိအိမ်ကိုထိပါးလာသကဲ့သို့ နိုင်ငံသားတို့၏ စိတ်တွင်ခံစားနေကြရပေမည်။ မိမိနှင့် မိမိ နိုင်ငံသား၊ မိမိအိမ်နှင့် မိမိနိုင်ငံသည်မခွဲမခြား တစ်သားတည်းဖြစ်ကာ ရေကိုသား၍အခြားမထင် ဆိုသကဲ့သို့ဖြစ်နေရပေမည်။ သို့ဆိုလျှင် ဤနိုင်ငံ၏ ကာကွယ်ရေးသည် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်မှာ အမှန်တရားတစ်ရပ်ပင် ဖြစ်နေပေရာ အကြမ်းဖက်အဖျက်သမားတို့၏ ဖျက်ဆီးသတ်ဖြတ်ရမ်းကားနေမှုများမှ နိုင်ငံသားအားလုံး၏ကာကွယ်ရေးအတတ်ပညာဖြင့် စုပေါင်းအင်အားကိုအသုံးချပြီး နိုင်ငံတော်ကာကွယ်ရေးကို ဖော်ဆောင်သွားရမည့် မင်္ဂလာအချိန်ကောင်း၊ အခါကောင်းဟုဆိုရပေတော့မည်။

**ကိုးကား**

၁။ တပ်မတော်သမိုင်း ပထမတွဲနှင့် ဒုတိယတွဲ

၂။ ၂၁-၁-၂၀၂၅ထုတ် ရတနာပုံသတင်းစာ

## ကလေးမြို့နယ်တွင် ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ကလေး ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ကုလားပဲ ၅၉၅၂ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ သွင်းအားစုတွေ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သဖြင့် ကုလားပဲကို ပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ငဖဲ ဖေဖော်ဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပန်းထိမ်းကျေးရွာအုပ်စု ပန်းထိမ်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းထိမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၃၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၄ သိန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေ ၄၅၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

ဇင်မာ

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင်း ပလာတူးငါး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ပလာတူးငါးပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပလာတူးငါး ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ပလာတူးငါး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ဘက်က ပုစွန်တွေ၊ကဏန်းတွေအပြင် ပလာတူးငါးတွေကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကိုဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက်အရောင်းအဝယ် သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မိုးမြင့်က ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပလာတူးငါးများကို စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## မော်လမြိုင်မြို့နယ် မင်းရွာပွတ္တလူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၇

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာပွတ္တလူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက မင်းရွာပွတ္တလူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းရွာပွတ္တလူးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၃၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ၄ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

## နတ်တလင်းမြို့နယ် နွားခြံကုန်းတောင်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

နတ်တလင်း ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် နွားခြံကုန်းတောင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက နွားခြံကုန်းတောင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

နွားခြံကုန်းတောင်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၁၅၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၈ ဒသမ ၈၂၇ သိန်း စုစုပေါင်း ၃၄ ဒသမ ၈၂၇သိန်းဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်ထံမှ သိရသည်။

အေးမြတ်

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး**

# ပြည်ထောင်စုနေ့ တို့မမေ့

မောင်လူခ(ပခုက္ကူ)

“ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ ပြည်ထောင်စုသဘောမျိုးပဲ ဖြစ်ရမှာပဲ။ အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေးတိုးတက်မှုကို စုပေါင်းပြီး စနစ်တကျစီစဉ်နိုင်မဲ့ ပြည်ထောင်စုမျိုးဖြစ်ရလိမ့်မယ်။ ဒါမှ လူမျိုးအားလုံး တိုင်းသူပြည်သားအများဆုံး တိုးတက်မှုကိုလုပ်နိုင်မှာပဲ။ ပေါင်းတယ်ဆိုတာ အချင်းချင်းကောင်းကျိုးရှိအောင် ပေါင်းကြတာဖြစ်ပြီး ဆိုးကျိုးရှိအောင် ပေါင်းတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။”

ဗိုလ်ချုပ်အောင်ဆန်း ၁၉၊ မေလ ၁၉၄၇၊
ဂျူဗလီဟော

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း အုပ်ချုပ်ခဲ့သော အချုပ်အခြာပိုင်နိုင်ငံဖြစ်ခဲ့သည်။ ဗြိတိသျှတို့သည် စီးပွားရေးတွင်သာမက နယ်ချဲ့စိုးမိုးလိုသောစိတ်ဖြင့် မြန်မာနိုင်ငံကို ရန်စကျူးကျော်ခဲ့ကြ၏။ ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့၏ လက်နက်အင်အား၊ ဓနအင်အားဖြင့် စစ်ပွဲသုံးကြိမ် ဖန်တီးပြီးတိုက်ခိုက်ခဲ့၏။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာတို့၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရ၏။ သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။

ကျောင်းသားသပိတ်၊ ဆရာစံလယ်သမားအရေးအခင်း၊ ရေနံမြေအရေးတော်ပုံတို့ကြောင့် မြန်မာတို့ နိုင်ငံရေးစိတ်နိုးကြားတက်ကြွလာကြ၏။ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်းတို့မှ သခင်အောင်ဆန်း၊ သခင်လှမြိုင်အစရှိသော မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်မည့် သခင်နိုင်ငံရေးသမားသူရဲကောင်းများကိုမွေးဖွားပေးခဲ့သည်။ “လွတ်လပ်ရေးသည် တောင်းယူ၍မရ တိုက်ယူမှရမည်”ဟု သိမြင်လာခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ် ၈ ရက် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တိုင်လီသင်္ဘောဖြင့် ဂျပန်သို့ထွက်ခွာခဲ့၏။ ဤသည်ပင် မြန်မာ့တပ်မတော်အစ၊ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအစဖြစ်၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ထိုင်းနိုင်ငံ၌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး စတင်ဖွဲ့စည်းခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ဂျပန်တို့နှင့်အတူ ဗြိတိသျှတို့ကို တိုက်ခိုက်ရန် မြန်မာပြည်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ မတ် ၈ ရက်တွင် ရန်ကုန်ကို ပြန်လည်ရယူသိမ်းပိုက်နိုင်ခဲ့၏။ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်၌ ဘီအိုင်အေကို ဘီဒီအေ(ဗမာ့ကာကွယ်ရေးတပ်မတော်)ဟု အမည်ပြောင်းသည်။

မြန်မာကို လွတ်လပ်ရေးအတုအယောင်ပေးခဲ့သော ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်၌ တော်လှန်ခဲ့၏။ မဟာမိတ်တို့ မြန်မာပြည်တွင်းပြန်ဝင်လာကြ၏။ စစ်ကျူဖြူစီမံကိန်းအုပ်ချုပ်ရေးခေတ် ၁၉၄၅-၁၉၄၇ ဖြစ်ခဲ့သည်။ လူထုက ဆန့်ကျင်ကြ၏။

နယ်ချဲ့ဗြိတိသျှတို့ထံ လွတ်လပ်ရေးတောင်းဆိုတိုက်ပွဲဝင်ရန် ဖဆပလမှ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ လှုပ်ရှားကြသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ၌ ကျင်းပခဲ့သော ဖဆပလပြည်လုံးကျွတ်(ရွှေတိဂုံအလယ်ပစ္စယံ) ညီလာခံကြီးကို ကျင်းပခဲ့ကြသည်။ သမိုင်းဝင်ညီလာခံကြီးဖြစ်၏။ အဆိုပါညီလာခံမှ အဆိုအမှတ် ၇ မှာ ဤသို့ဖြစ်၏။ မဟာသရေစည်သူ ဦးဖေခင်၏တင်သွင်းမှုဖြစ်၏။ “မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အခါ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကို မြန်မာပြည်မနှင့် တစုတစည်းတည်း ပေါင်းစည်းရေး” အဆိုဖြစ်၏။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်တို့လက်နက်ချ၏။ ‘ဖတပလ’ကို ‘ဖဆပလ’ဟု ပြောင်းလဲခဲ့၏။ အဖွဲ့ချုပ်ရည်ရွယ်ချက်မှာ ‘ဗမာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ပြီး အားလုံး၏သဘောနှင့် ညီညွတ်စည်းလုံးသောနိုင်ငံတော်ထူထောင်ရန်’ဖြစ်၏။ မြန်မာပြည်အနှံ့ ဖဆပလအဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းခဲ့၏။

၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် မြို့ရွာအလိုက်အဖွဲ့များကိုအခြေခံလျက် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးကျင်းပသည်။ ထိုအစည်းအဝေး၌ ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောကြားခဲ့သည်။

**❖“တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များကိုယ်တိုင်က မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးကို တစ်ပြိုင်နက်ရယူလိုပါသည်ဟု အခိုင်အမာစာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုရမည်”ဟူသည့် ဗြိတိသျှအစိုးရ၏စိန်ခေါ်ချက်ကို ဗိုလ်ချုပ်အောင်ဆန်းက ရဲဝံ့စွာလက်ခံခဲ့ခြင်းဖြစ်ပါသည်။ ထိုစာချုပ်ပါအချက်ကြောင့် သမိုင်းဝင် ပင်လုံညီလာခံကြီးပေါ်ပေါက်လာခြင်းဟု သမိုင်းသုတေသီများကဆိုကြပါသည်။ အထက်ပါစာချုပ်အရ ဗိုလ်ချုပ်အောင်ဆန်းသည် သွေးအေးသွားလျှင် အနှောင့်အယှက်ဝင်လာနိုင်ကြောင်းသိ၍ အချိန်မဆွဲဘဲ အထူးညီလာခံ ခေါ် ပင်လုံညီလာခံကို ကျင်းပခဲ့ကြခြင်းဖြစ်၏။ ❖**

၁၉၄၆ ခုနှစ် နှစ်ဦးပိုင်း ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ ပထမအကြိမ်စည်းဝေးသော စော်ဘွားများညီလာခံသို့ မြန်မာကိုယ်စားလှယ် သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ခဲ့၏။

မြန်မာခေါင်းဆောင်များသည် စီးပွားရေး၊ ပညာရေးချို့တဲ့မှုတို့ကြောင့် ဒုက္ခရောက်ကြရပုံ၊ အောက်ကျနောက်ကျနိုင်ပုံကို ရှင်းလင်းပြပြီး နယ်ချဲ့ဝါဒဖြန့်မှုကြောင့် တွေဝေနားယောင်နေကြသော ရှမ်းအမျိုးသားတို့ကို ညီညွတ်ရေးအတွက် ဆွဲဆောင်နိုင်ခဲ့သည်ဟုဆိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မြန်မာပြည်အနှံ့အပြားသို့ ချစ်ကြည်ရေးဆန္ဒကာ တိုင်းရင်းသားသွေးစည်းညီညွတ်မှုအတွက် အပင်ပန်းခံ၍ တစ်ပြည်လုံးခရီးဆန့်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ် မတ် ၄ ရက်မှ ၂၄ ရက် ရခိုင်ပြည်နယ်အထိ ထွက်ခဲ့၏။ ရခိုင်ဗမာစည်းလုံးရေး တည်ဆောက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအစိုးရအဖွဲ့(ဖဆပလ)သည် ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် "ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ ကြေညာရန် မကြေညာပါက ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်မည်"ဟု ကြေညာချက်ထုတ်သည်။

အထက်ပါကြေညာချက်ကြောင့် ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဗြိတိသျှအစိုးရအဖွဲ့ဝန်ကြီးချုပ် မစ္စတာအက်တလီက “မြန်မာပြည်ကို ဗြိတိသျှဓနသဟာယအတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုမည်”ဟု ဘိလပ်ပါလီမန်က ထုတ်ပြန်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကို ဘိလပ်သို့ ဖိတ်ကြားလေသည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ ကချင်ပြည်နယ်သို့ စည်းရုံးရေးထွက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်၊ ဘားအံ၊ လှိုင်းဘွဲ၊ ကပ္ပလီရွာ၊ သထုံမြို့များသို့ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအတွက် ခရီးထွက်စည်းရုံးခဲ့ပါသည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ရှမ်းစော်ဘွားများနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

“ဗမာ့လွတ်လပ်ရေး နီးပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ် စသည့် တောင်တန်းများလည်း တစ်ပါ တည်း လွတ်လပ်စေလိုကြောင်း၊ ဘိလပ်တွင် ရှမ်းပြည်နယ်နှင့် မြန်မာပြည် ပူးပေါင်းရေးပြောရမည်ဖြစ်ရာ စော်ဘွားများ၏သဘောတူညီချက် အလိုရှိကြောင်း ဗိုလ်ချုပ်ကပြောကြားခဲ့သည်။ ဒီဇင်ဘာ ၂၅ ရက်တွင် ညောင်ရွှေစော်ဘွားကြီးဟော်နန်း၌ ဆွေးနွေးခဲ့၏။ မြန်မာပြည်နှင့် ရှမ်းပြည်အပါအဝင် တညီတညွတ်တည်း ပူးပေါင်းရေးမှာ အရေးကြီးဆုံးအချက်ဟု ဗိုလ်ချုပ်ကပြောခဲ့ပါသည်။

မြန်မာပြည်လွတ်လပ်ရေးကိစ္စကို နန်းရင်းဝန်မစ္စတာ အက်တလီ၏ဖိတ်ခေါ်ချက်အရ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်မှ ၃၀ ရက်အထိ ဆွေးနွေးရန် ဘိလပ်သို့သွားခဲ့ပါသည်။ အက်တလီနှင့် မြန်မာပြည်အရေးဆွေးနွေးခဲ့ကြ၏။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဂဠုန်ဦးစောနှင့်သခင်ဗစိန်တို့ကကန့်ကွက်ပြီး လက်မှတ်မထိုးဘဲနေသည့်ကြားမှ အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့သော အောင်ဆန်း-အက်တလီစာချုပ်အပိုဒ် (ဂ) ကောက်နုတ်ချက်မှာ ဤသို့ဖြစ်ပါသည်။

“တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များကိုယ်တိုင်က မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးကို တစ်ပြိုင်နက် ရယူလိုပါသည်ဟု အခိုင်အမာစာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုရမည်”ဟူသည့်ဗြိတိသျှအစိုးရ၏စိန်ခေါ်ချက်ကို ဗိုလ်ချုပ်အောင်ဆန်းက ရဲဝံ့စွာလက်ခံခဲ့ခြင်းဖြစ်ပါသည်။

ထိုစာချုပ်ပါအချက်ကြောင့် သမိုင်းဝင်ပင်လုံညီလာခံကြီး ပေါ်ပေါက်လာခြင်းဟု သမိုင်းသုတေသီများက ဆိုကြပါသည်။ အထက်ပါစာချုပ်အရ ဗိုလ်ချုပ်အောင်ဆန်းသည် သွေးအေးသွားလျှင် အနှောင့်အယှက်ဝင်လာနိုင်ကြောင်းသိ၍ အချိန်မဆွဲဘဲ အထူးညီလာခံ ခေါ် ပင်လုံညီလာခံကို ကျင်းပခဲ့ကြခြင်းဖြစ်၏။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ရှမ်းပြည်နယ်၊ ပင်လုံမြို့သို့ ခရီးထွက်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဇံဝေ၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်ထွန်းလှ၊ ဦးဖေခင်၊ ဦးတင်ထွဋ်၊ မစ္စတာဘော်တွမ်လေတို့သည် မိတ္ထီလာသို့လေယာဉ်ဖြင့်သွားပြီးမှ ကားဖြင့် ပင်လုံသို့ခရီးဆက်ခဲ့ကြပါသည်။

ပင်လုံအစည်းအဝေးသို့ အကြောင်းနှစ်မျိုးကြောင့် လာရခြင်းဖြစ်ကြောင်း၊ မြန်မာပြည်လူမျိုးများညီညွတ်ရေးအတွက်နှင့် ဘိလပ်ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့်ပတ်သက်၍ မည်သို့လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို ပြောဆိုရှင်းလင်းပြရန်တို့ဖြစ်၏။

"ကမ္ဘာ့နိုင်ငံရေးအရ မြန်မာပြည်ရှိလူမျိုးများအားလုံးမှာ ညီညွတ်ရန်လိုကြောင်း၊ မြန်မာပြည်လွတ်လပ်ရေးမှာရနေပြီဟုဆိုနိုင်ကြောင်း၊ ယခုကျန်ရှိနေသောပြဿနာမှာ တောင်တန်းနယ်ကိစ္စအတွက် ဤပင်လုံညီလာခံကြီး ကျင်းပရခြင်းဖြစ်ကြောင်း" ဗိုလ်ချုပ်အောင်ဆန်းက တင်ပြခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံစော်ဘွားများ၊ တိုင်းရင်းသားခေါင်းဆောင်များ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏မြွက်ကြားချက်မှာ သမိုင်းဝင်စကားဖြစ်၏။

“တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအား စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်” စသည်ဖြင့် စည်းလုံးရေးနှင့် တိုင်းပြည်ရှေ့ရေးအတွက် မိန့်ကြားခဲ့၏။

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မြန်မာ့သမိုင်းတွင်ကျန်ရစ်မည့် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးက ခွင့်တူညီမျှ တစည်းတလုံးတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ပင် ရောက်ရှိတော့မည်ဖြစ်ပေသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နှစ်တွေ၊ လတွေ အချိန်တွေပြောင်းလဲလာခဲ့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းတစ်လျှောက်လုံး ပြည်မနှင့်တောင်တန်းဒေသ တိုင်းရင်းသားအားလုံး စည်းလုံးစွာ၊ ခိုင်မြဲစွာ အတူတကွနေထိုင်လာခဲ့ကြပြီးဖြစ်သည်။ ထိုသို့နေထိုင်နိုင်ခဲ့ခြင်းမှာ ပြည်ထောင်စုနေ့အဖြစ် ပေါ်ထွန်းခဲ့ရသော တိုင်းရင်းသားများ စုစည်းညီညာမှု၏ အကျိုးဆက်ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့ကို အစွန့်ရှည်တည်တံ့စေရန်၊ မေ့မေ့ပျောက်ပျောက်မရှိစေရန် ဆောင်ရွက်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း
- ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံ
- ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ
- ပင်လုံညီလာခံသမိုင်းအကျဉ်း
- တိုင်းရင်းသားနယ်ချဲ့ဆန့်ကျင်ရေးသမိုင်း
- စာဘဏ္ဍာ၏မှတ်စုများ

# တနင်္ဂနွေနေ့ညပွဲတွေထဲက အက်ဖ်အေဖလားပွဲစဉ်က အေဗီလာအသင်းနဲ့ အမှတ်ပေးပွဲမှာတိုက်စစ်ကစားပုံကောင်းနေတဲ့ ရိုးမားနဲ့ ဗလင်စီယာတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညကစားမဲ့ပွဲစဉ်တွေမှာတော့ ဥရောပပြိုင်ပွဲဝင်ခွင့် မျှော်လင့်ချက်ရှိတဲ့အသင်းတွေနဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ကြိုးပမ်းနေတဲ့ အသင်းတွေထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေညမှာတော့ ထိပ်သီးလိဂ်ငါးခုကအသင်းကြီးတွေ့ဆုံမှုမှာ ပရီးမီးယားလိဂ်က အာဆင်နယ်က မန်စီးတီးကို ငါးဂိုးတစ်ဂိုး၊ စီးရီးအေမှာ အေစီမီလန်က အင်တာမီလန်ကို တစ်ဂိုးစီသရေ၊ ရိုးမားက နာပိုလီကိုတစ်ဂိုးစီသရေ၊ ပြင်သစ်လီဂူးမှာ မာဆေးက လိုင်ယွန်ကို သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့သလို လာလီဂါမှာ ဘက်တစ်က ဘီလ်ဘာအိုကို နှစ်ဂိုးစီသရေ ကစားနိုင်ခဲ့တာကိုကြည့်ရင် အိမ်ရှင်အသင်းတွေရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိကာလဟာ ကစားသမားတွေ ဒဏ်ရာရများပြားတဲ့ကာလဖြစ်တာကြောင့် ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တန်းအဆင့်ကစားသမားပိုင်ဆိုင်မှုများပြားတဲ့ အသင်းတွေအသာရနေတာဖြစ်လို့ လာမဲ့ပွဲစဉ်တွေမှာလဲ ဒဏ်ရာရပွဲပယ်ကစားသမားနည်းပါးတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## အေဗီလာအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အေဗီလာအသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ ရာသီအစမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ အသင်းဖြစ်ခဲ့ပေမဲ့ ရာသီဝက်ကျော်လာချိန်မှာ ဒဏ်ရာရကစားသမားများလာတာကြောင့် ရလဒ်ပိုင်းကျဆင်းသွားပြီး နောက်ဆုံးကစားခဲ့တဲ့ ဝုဗ်အသင်းနဲ့ပွဲမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြ အမ်မရီဟာ ဇန်နဝါရီအပြောင်းအရွှေ့မှာ ရက်ရှ်ဖို့ဒ်၊ မာလန်း၊ အဆန်စီယိုတို့လို တိုက်စစ်ကစားအားကောင်းတဲ့ ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့လို့ လာမဲ့ပွဲမှာ အေဗီလာအသင်းခြေစွမ်းပိုင်းကောင်းလာဖို့သေချာပါတယ်။ လက်ရှိကစားသမားတွေကလဲ ထိပ်တန်းအဆင့် ကစားသမားတွေဖြစ်တာကြောင့် အထိုင်ကျဖို့ အချိန်ယူရမယ်လို့ မထင်ပါဘူး။ အေဗီလာဟာ အခုရာသီဖလားပြိုင်ပွဲတွေမှာ ကွာရာဘောင်းပြိုင်ပွဲကလွဲရင် အက်ဖ်အေဖလားပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင်အမှတ်ပေးပြိုင်ပွဲမှာလဲ ဥရောပဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်း အက်ဖ်အေဖလားသမိုင်းမှာတော့ ဗိုလ်လုပွဲ ၁၁ ကြိမ်တက်ရောက်ခဲ့ပြီး ခုနစ်ကြိမ် ချန်ပီယံဖြစ်ခဲ့ပေမဲ့ ၁၉၅၇ ခုနှစ်နောက်ပိုင်းမှာတော့ ဗိုလ်လုပွဲနှစ်ကြိမ်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲမှာ ခံစစ်ပိုင်းက တိုင်ရီမင့်၊ ပါအူတောရက်၊ မက်တီကက်တို့ဒဏ်ရာကြောင့် မပါနိုင်တာကလွဲရင် ကျန်ကစားသမားတွေအားလုံးပါနိုင်မှာဖြစ်လို့ ဒဏ်ရာရကစားသမားများပြားနေတဲ့ စပါးအသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

စပါးအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲကိုးကြိမ်တက်ရောက်ခဲ့ရာမှာ ရှစ်ကြိမ်ထိဆုဖလားရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၈၇ နောက်ပိုင်းမှာတော့ ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိတော့ဘဲ ဆုဖလားနဲ့ ဝေးကွာခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိနည်းပြ ပိုစတီကိုဂလူလက်အောက်မှာ စပါးအသင်းဟာ ဒဏ်ရာရကစားသမားများပြားလာခဲ့ပြီး ဆိုလန်ကီ၊ တီမိုဝါနာ၊ မက်ဒီဆင်တို့အပါအဝင် အဓိကကစားသမား ၁၀ ယောက်ထိ ဒဏ်ရာရခဲ့တာကြောင့် ပြိုင်ပွဲစုံမှာရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ ပရီးမီးယားလိဂ်က အဲဗာတန်၊ လက်စတာတို့ကိုသာရှုံးခဲ့ပြီး ဟော်ဖန်ဟိမ်း၊ အက်ဘော့၊ ဘရန့်ဖို့ဒ်အသင်းတို့ကို နိုင်ပွဲရခဲ့လို့ ကစားကွက်ပိုင်းတိုးတက်လာတာကို သတိပြုရမှာပါ။ လက်ရှိနည်းပြ ပိုစတီကိုဂလူကတော့ ၄-၁-၂-၃ ကစားကွက်ကို ပြောင်းလဲအသုံးပြုနေသလို ဒီကစားကွက်မှာကွင်းလယ်ကစားသမားတွေနေရာလွတ်ရှာတွေ့ပြီး ဂိုးသွင်းအားပိုကောင်းလာတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့နှစ်သင်းဟာ ခြေစွမ်းပိုင်းတူနေပေမဲ့ ကစားသမားစုဖွဲ့မှုမှာတော့ အေဗီလာကပိုကောင်းနေသလို ကစားသမားသစ်တွေကလဲ ပုံမှန်ပွဲကစားခွင့်ရဖို့ အခုလိုပွဲစဉ်မှာ ခြေစွမ်းပြဖို့ ကြိုးစားလာမှာဖြစ်လို့ စပါးအသင်းခံစစ်ပိုင်းပွဲချိန်ပြည့် ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အိမ်ကွင်းအားသာချက်နဲ့ မဖြစ်မနေနိုင်ပွဲရှာမဲ့ အေဗီလာအသင်းကို ရွေးချယ်ရမှာပါ။

### အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| အာဆင်နယ် | ၂ - ၂ | အေဗီလာ |
| မိုနာကို | ၁ - ၀ | အေဗီလာ |
| အေဗီလာ | ၁ - ၁ | ဝက်စ်ဟမ်း |
| အေဗီလာ | ၄ - ၂ | ဆဲလ်တစ် |
| ဝုဗ် | ၂ - ၀ | အေဗီလာ |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| အဲဗာတန် | ၃ - ၂ | စပါး |
| ဟော်ဖန်ဟိမ်း | ၂ - ၃ | စပါး |
| စပါး | ၁ - ၂ | လက်စတာ |
| စပါး | ၃ - ၀ | အက်ဘော့ |
| ဘရန့်ဖို့ဒ် | ၀ - ၂ | စပါး |

## ရိုးမားအသင်း ရလဒ်ကောင်းမှာပါ

စီးရီးအေပွဲစဉ် ၂၄ မှာအကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗီနီဇီယာနဲ့ ရိုးမားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဗီနီဇီယာအသင်းဟာ ပြိုင်ပွဲတိုင်းကို ရေကုန်ရေခန်းကစားနေတာကြောင့် နောက်ဆုံးငါးပွဲမှာ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေရည်တူအသင်းတွေကို အနိမ့်ဆုံးရမှတ်ခွဲယူနိုင်ပေမဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်အားနည်းမှုက အသင်းကြီးတွေနဲ့တွေ့ရင် ထိန်းချုပ်နိုင်ခြင်းမရှိဘဲရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ စီးရီးအေ ၂၃ ပွဲအပြီးမှာတော့ သုံးပွဲသာအနိုင်ရခဲ့သလို ခံစစ်ကလဲ ပေးဂိုး ၃၈ ဂိုးထိပေးခဲ့ရတာကြောင့် ရမှတ် ၁၆ မှတ်နဲ့ အဆင့်(၁၉) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိအပြောင်းအရွှေ့မှာ ကစားသမားရှစ်ယောက်ထိ ဖြည့်တင်းနိုင်ခဲ့ပေမဲ့ ထိပ်တန်းအဆင့်ကစားသမားတွေမပါတာကြောင့် ရိုးမားနဲ့ယှဉ်ရင် အဘက်ဘက်က အားနည်းနေတာဖြစ်လို့ အခုပွဲမှာရုန်းကန်ရမှာ သေချာပါတယ်။

ရိုးမားအသင်းဟာ နည်းပြ ရာနီရေးရီတာဝန်ယူပြီး နောက်ပိုင်းခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ဒုတိယရာသီဝက်ကာလမှာ အမှတ်ပေးပွဲရှုံးပွဲမရှိတော့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ သူတို့ရှုံးခဲ့တာက ယူရိုပါလိဂ်ပြိုင်ပွဲမှာ အယ်ခမာနဲ့ ကိုပါအီတလီယာဖလားပွဲမှာ အေစီမီလန်အသင်းတို့ကိုသာဖြစ်ပါတယ်။ နည်းပြရာနီရေးရီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်နေတာကြောင့် ဗီနီဇီယာလိုခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းကိုအနိုင်ရဖို့မခက်နိုင်ပါဘူး။ ရိုးမားအသင်းတိုက်စစ်ကိုတော့ ဒိုဘိခ်ကဦးဆောင်နေပြီး အမှတ်ပေးပွဲမှာ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲစဉ် ၂၃ ပွဲအပြီးမှာတော့ ရမှတ် ၃၁ မှတ်နဲ့ အဆင့်(၉)နေရာရောက်နေပေမဲ့ အခုပွဲကို အနိုင်ရခဲ့ရင် ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိမှာသေချာပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာ ရိုးမားကနှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ပထမအကျော့ကလို ပြိုင်ပွဲကိုထိန်းချုပ်ကစားနိုင်မယ်ဆိုရင် ဂိုးပြတ်နိုင်ပွဲရှာတွေ့မှာပါ။ ဒါကြောင့် အသင်းလိုက်ကစားအားပိုကောင်းနေတဲ့ ရိုးမားအသင်း ရလဒ်ကောင်းမှာ သေချာပါတယ်။

### ဗီနီဇီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဗီနီဇီယာ | ၁ - ၁ | အမ်ပိုလီ |
| ဗီနီဇီယာ | ၀ - ၁ | အင်တာမီလန် |
| ပါးမား | ၁ - ၁ | ဗင်နီဇီယာ |
| ဗီနီဇီယာ | ၁ - ၁ | ဗီရိုနာ |
| အူဒီးနီးစ် | ၃ - ၂ | ဗီနီဇီယာ |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| အယ်ခမာ | ၁ - ၀ | ရိုးမား |
| အူဒီးနီးစ် | ၁ - ၂ | ရိုးမား |
| ရိုးမား | ၂ - ၀ | ဖရန့်ဖတ် |
| ရိုးမား | ၁ - ၁ | နာပိုလီ |
| အေစီမီလန် | ၃ - ၁ | ရိုးမား |

## ဗလင်စီယာအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါအမှတ်ပေးပွဲမှာအကြိုက်တွေ့မိတာကတော့ ဗလင်စီယာအသင်းနဲ့ လီဂါနက်စ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ နည်းပြ ကော်ဘာရန်ကိုခန့်အပ်ပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲဆက်မှာ တစ်ပွဲသာရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့ရှုံးခဲ့တာကလဲ ဘာစီလိုနာလို ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းဖြစ်တာကြောင့် ဗလင်စီယာအသင်းကစားပုံကျဆင်းသွားတယ်လို့ ဆိုမရပါဘူး။ ဒ့ါပြင် ဇန်နဝါရီအပြောင်းအရွှေ့မှာလဲ ကစားအားကောင်းတဲ့ ခံစစ်ကစားသမား မက်အာရွှန်၊ တိုက်စစ်မှူးဆာဒစ်တို့ကို ခေါ်ယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ဆဲလ်တာဗီဂိုနဲ့ ပွဲမှာဆိုပြိုင်ဘက်ကို ပွဲချိန်ပြည့် ထိန်းချုပ်သွားခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ကစားနိုင်ခဲ့လို့ ပွဲချိန် ၄၄ မိနစ်နဲ့ ပွဲချိန် ၆၈ မိနစ်မှာ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာလဲ ဆဲလ်တာဗီဂိုနဲ့ ပွဲကခြေစွမ်းအတိုင်းကစားနိုင်မယ်ဆိုရင် လီဂါနက်စ်လိုအသင်းကို ဖိအားပေးကစားနိုင်မှာသေချာပါတယ်။

လီဂါနက်စ်အသင်းဟာအမှတ်ပေးပွဲ ၂၂ ပွဲအပြီးမှာရမှတ် ၂၃ မှတ်ရခဲ့တာကြောင့် အဆင့်(၁၆) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းဖြစ်ပေမဲ့ အဝေးကွင်း ၁၁ ပွဲမှာတော့ တစ်ပွဲသာအနိုင်ရခဲ့ပြီး သရေပွဲများခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဗလင်စီယာဟာ တိုက်စစ်မှာပုံမှန်ဂိုး သွင်းခြေစွမ်းရှိတဲ့ ဒူရိုကိုပိုင်ဆိုင်ထားတာကြောင့် လီဂါနက်စ်အသင်းဒူရိုကို ထိန်းချုပ်နိုင်မှသာ ရမှတ်ခွဲယူနိုင်မှာသေချာပါတယ်။ အကျောပေးမှုမှာတော့ ဗလင်စီယာက တစ်ဂိုးနဲ့နိုင်ရင်တောင် အပြည့်ပျော်ခွင့်မရတဲ့ အကျောပေးမှုကိုကြည့်ရင် အိမ်ရှင်မရှုံးနိုင်ခဲ့အခြေအနေဖြစ်လို့ ဗလင်စီယာအသင်းနဲ့ လက်တွဲရမှာပါ။

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဆီဗီလာ | ၁ - ၁ | ဗလင်စီယာ |
| အော်ရန်စီ | ၀ - ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ - ၀ | ဆိုစီဒက် |
| ဘာစီလိုနာ | ၇ - ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ - ၁ | ဆဲလ်တာဗီဂို |

### လီဂါနက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| အယ်မာရီယာ | ၂ - ၃ | လီဂါနက်စ် |
| လီဂါနက်စ် | ၁ - ၀ | အေတီကို |
| ဘီလ်ဘာအို | ၀ - ၀ | လီဂါနက်စ် |
| လီဂါနက်စ် | ၀ - ၁ | ဗယ်လ်ကာနို |
| လီဂါနက်စ် | ၂ - ၃ | ရီးရဲလ်မက်ဒရစ် |

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၃၁၂၀ စိုက်ပျိုးပြီးစီး



ယင်းမာပင် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၃၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၃၁၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၃၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်း ဧက ၃၃၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၃၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၈၉၈၀၊ ကနီမြို့နယ်တွင် ၁၃၃၆၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၂၄၄ ဧက၊ ပုလဲမြို့နယ်တွင် ၄၅၃၁ ဧက စုစုပေါင်း ဧက ၃၃၁၂၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၉၁၅၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၆၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၂၄၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၄၅၀၀ စုစုပေါင်း ဧက ၃၃၁၀၀ ဖြစ်ကြောင်း၊ ဖူးစားပြောင်းတစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ပြောင်းသီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စစ်ဆေး

ဓနုဖြူ ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကျေးရွာအိမ်ထောင်စုများကို လိုအပ်သည်များဆွေးနွေးမှာကြားခဲ့သည်။

ရိုးကြီးကျေးရွာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယနှစ်စက်ဝန်း၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ငွေကျပ် ၈ ဒသမ ၃၇၆ သန်းဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု ၂၂ စု၊ ကြက်နှင့်ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၂၃ စုတို့ လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်ထံမှ သိရသည်။

တေဇာလင်း











## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် အရှေ့စောင်းတန်း(ပ)ထပ်၊ ဆိုင်ခန်းအမှတ်(၂၆)သည် ဦးမြတ်ကိုကို + ဒေါ်ကေသွယ်မြင့် အမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဦးအောင်ကျော်ဝင်း + ဒေါ်ငွေးငွေးဝင်းအမည်သို့ ဆိုင်ခန်းမှတ်ပုံတင်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော်အထောက်အထားစာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**

## ပျောက်ဆုံးကြောင်း


မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၃၁၉)၊ ဒေးဝန်း(အနောက်)နေ ကိုတဲ့ရှင် (ဘ) ဦးဆီရှင်တဲ့(၁၃/နခန(နိုင်)၀၄၂၀၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၄၆၀၀၁

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

စဉ့်ကိုင်မြို့နယ်၊ မြတ်စေတနာ ကိုယ်ပိုင်ကျောင်း ပဉ္စမတန်း(Grade-5)တွင် ပညာသင်ကြားနေသော (ဘ) ဦးဖြူလင်း၏သား မောင်အံ့ခမ်းမောင်အား ယနေ့မှစ၍ မောင်လင်းဘုန်းပြည့်အောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းဘုန်းပြည့်အောင်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ငါ့သရောက်မြို့နယ်၊ ဆည်ရွာနေ မောင်စည်သူဟိန်း (ဘ) ဦးစိုးပိုင်(၉/ညဥန(နိုင်)၁၃၆၀၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၅၃၀၇၆၂



အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ကြော်ငြာစာ

၁။ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၇/ရွေးစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၂)၊ ဧရိယာ(၁.၅၀)ဧကရှိ မြေနေရာအား ဒေါ်မိမိအေး၊ ၉/ပဥလ(ပြု)၀၀၀၀၅၃ အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁-၉-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၄/၃၁-၅/ဦး ၁(အထဥ)(၅၅၃၁)အရလည်းကောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀)၊ ဧရိယာ(၁.၀၁)ဧကရှိ မြေနေရာအား ဒေါ်တင်မိုးကျော်၊ ၉/မရမ(နိုင်)၀၈၈၁၇၉ အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃.၈.၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၄/၃၁-၅/ဦး၁(အထဥ)(၅၁၈၄)အရလည်းကောင်း မြေကွက်ချထားပေးမိန့်အား ထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ စိစစ်တွေ့ရှိချက်များအရ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၁.၅၀)ဧကအား ဒေါ်မိမိအေးအမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၁.၀၁)ဧကအား ဒေါ်တင်မိုးကျော်အမည်ဖြင့်လည်းကောင်း မြေကွက်ချထားမိန့်မိတ္တူမှန် ပြန်လည်ထုတ်ပေးရန်နှင့် ယခင်ထုတ်ပေးထားရှိသည့်(၁၁-၁၂-၂၀၂၀)ရက်စွဲပါ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးပိုင်အမှတ်ပြင်ဆင်ထုတ်ပေးခဲ့သည့် မြေပေးမိန့်များအား ပယ်ဖျက်ရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပ




တောင်ကြီး ဖေဖော်ဝါရီ ၇

၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် (တနင်္ဂနွေနေ့) ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-I)၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၄ နာရီခန့်မှစတင်၍ MRTV-HD၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV-4၊ Channel-7၊ 5 Plus၊ Channel-9၊ MNTV၊ SKY Premier Channel၊ Fortune Channel၊ Channel K၊ M Entertainment Channel၊ MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြားFM၊ ချယ်ရီFM၊ မန္တလေးFM၊ ပဒ္မဝတီFM၊ ရွှေFM၊ ပုဂံFM၊ Star FMနှင့် သဇင်FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့်

စာမျက်နှာ ၁၉ ကော်လံ ၅ ❑

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257